# ကြေးမုံ
# The Mirror

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလကွယ်၊ တနင်္ဂနွေနေ့၊ (15-8-2004) (၄၃၂၆)

**ကာလေန ဓမ္မဿဝနံ
တေ မင်္ဂလ မုတ္တမံ။**

သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန်　　ဩဂုတ်　　၁၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်တွင် ငလျင်ဒဏ်ကြောင့် လည်းကောင်း၊ အရှေ့ဘက်ကမ်းဒေသတွင် မုန်တိုင်းကျရောက်မှုကြောင့် လည်းကောင်း အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန်　ဩဂုတ်　၁၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်တွင် ငလျင်ဒဏ်ကြောင့် လည်းကောင်း၊ အရှေ့ဘက်ကမ်းဒေသတွင် မုန်တိုင်းကျရောက်မှုကြောင့် လည်းကောင်း အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာကျန်းချင်းဟုန်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၁၃ ရက်က အောင်လံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

## ကျေးလက်ဒေသမှအစပြုပြီး မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့်တိုင်းအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးရေး နိုင်ငံတော်အကြီးအကဲမှအစ နိုင်ငံတော်တာဝန်ရှိသူများကိုယ်တိုင် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိနေ ဌာနဆိုင်ရာများအားလုံးက ပြည်သူကို အလုပ်အကျွေးပြုရန် ဖွဲ့စည်းထူထောင်ထားခြင်းဖြစ်သည်ကို သိနားလည် ပြည်သူ့အကျိုးကိုဆောင်ခြင်းဖြင့် ပြည်သူများ မူးပေါင်းပါဝင်မှုရရှိပြီး လုပ်ငန်းများ အောင်မြင်မည်

ရန်ကုန်　　ဩဂုတ်　　၁၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၃ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ မကွေးတိုင်း မကွေးမြို့သို့ နံနက် ၈နာရီ မိနစ် ၅၀ တွင် ရောက်ရှိသည်။

**ကြေးမုံ The Mirror**

**ဆောင်းပါး အညွှန်း**

***နိုင်ငံရေးသည် လူ့အရေး၊ လူ့ကိစ္စဖြစ်၍ 'ကိစ္စမြားမြောင် လူတို့ဘောင်' ဟူသော ဆိုစကားအရလည်းကောင်း၊ 'လူတစ်ခု ပူမှုရယ်က ဆယ်ကုဋေ' ဟူသော ဆိုစကားအရ လည်းကောင်း ယင်းအဆိုစကားတို့ကို ဆင်ခြင်နိုင်လျှင်ပင် တိုင်းပြည်တစ်ပြည်၏ အရေးအရာကိစ္စအဝဝကို တာဝန်ယူထားသူ ပုဂ္ဂိုလ်တို့အဖို့ မည်မျှ တာဝန်ကြီးကြောင်း သိလောက်ပြီ။***

ဗလမင်းထင်၏ Radio Free Asia အား လေ့လာခြင်း ဆောင်းပါး (စာ-၃)

### ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မကွေးလေဆိပ်မှ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း လိုက်ပါလျက် နံနက် ၉နာရီ ၃၅မိနစ်တွင် မကွေးတိုင်း အောင်လံမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲**

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၁၅-၈-၂၀၀၄
(တနင်္ဂနွေနေ့)

# ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် အလေးထားပါဝင်ဆောင်ရွက်

မြန်မာနိုင်ငံသည် သစ်ပင်သစ်တော၊ သဘာဝတောတောင်များဖြင့် စိမ်းလန်းသာယာနေသော နိုင်ငံဖြစ်သည်။ သို့သော် မိုးနည်းပါးသည့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ပူပြင်းခြောက်သွေ့သည်နှင့်အမျှ သစ်တော၊ သစ်ပင် ပေါက်ရောက်မှုအားနည်းခဲ့သည်ကို တွေ့ရသည်။ အဆိုပါဒေသများတွင် ရာသီဥတုပူပြင်းခြောက်သွေ့ပြီး မိုးမမှန်၊ ရေမမှန်သဖြင့် စိုက်ပျိုးရေးအတွက် လိုအပ်သော စိုက်ပျိုးရေသာမက သောက်သုံးရေရှားပါးမှုကိုပါ ကြုံတွေ့ခဲ့ကြရသည်။

ထို့ကြောင့် နိုင်ငံတော်က သဘာဝအခြေအနေများကြောင့် တောတောင်များ မပျက်စီးစေရန် ကြိုတင်ကာကွယ်သည့် အစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သစ်တောသယံဇာတ ထိန်းသိမ်းရေး လမ်းညွှန်ချက်နှင့်အညီ ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး စီမံကိန်းကို ၁၉၉၄ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့သည်။

အဆိုပါ စိမ်းလန်းစိုပြည်ရေးစီမံချက်ဖြင့် မုံရွာ၊ စစ်ကိုင်း၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပခုက္ကူ၊ မင်းဘူး၊ မကွေးနှင့် သရက် ခရိုင်များတွင် သစ်တောစိုက်ခင်းများ၊ ထင်းစိုက်ခင်းများကို စိုက်ပျိုးလာခဲ့ကြသည်။ ယခုအခါ ဂန့်ဂေါခရိုင်၊ ညောင်ဦးခရိုင်၊ ကျောက်ဆည်ခရိုင်နှင့် ရွှေဘိုခရိုင်တို့ကို ထပ်မံတိုးချဲ့ပြီး ၁၃ ခရိုင်အတွင်း စိမ်းလန်းစိုပြည်ရေးစီမံချက်များ ချမှတ်လုပ်ကိုင်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် ဩဂုတ်လ ၄ရက်နေ့က မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့သို့သွားရောက်၍ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ပံ့ပိုးဆောင်ရွက်ပေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံရာတွင် **ဤဒေသသည် ပူပြင်းခြောက်သွေ့သော အပူပိုင်းဒေသဖြစ်သည့်အလျောက် ဒေသတွင်း အစိုဓာတ်ရရှိရေးအတွက် သစ်တောစိုက်ခင်းများ ထူထောင်ရေးလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ ရှင်မတောင်အပါအဝင် တောင်တန်းများ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း** မှာကြားသွားသည်။

ရေစကြိုဒေသသည် ပူပြင်းခြောက်သွေ့သောဒေသဖြစ်၍ စိုက်ပျိုးရေရရှိစေရန် မြစ်ရေတင်စီမံကိန်းလုပ်ငန်းများကို တည်ဆောက်ပေးလျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာမှုနှင့်အညီ ဒေသရိက္ခာဖူလုံရေးအတွက် ဆက်လက်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် မြေလတ်ပိုင်းဒေသနှင့်ကိုက်ညီသော အထွက်တိုးစပါးမျိုးသစ်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေး သုတေသနပြုဖော်ထုတ်ပေးပြီး တောင်သူလယ်သမားများအား ကူညီကြရမည်ဖြစ်သည်။

မွေးမြူရေးကဏ္ဍတွင်လည်း ဝက်၊ ဆိတ်၊ သိုး၊ နွားစသည့်ဒေသနှင့်ကိုက်ညီသော မွေးမြူရေးလုပ်ငန်းများကိုရွေးချယ်ပြီး စီးပွားဖြစ်မွေးမြူထုတ်လုပ်နိုင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက စံပြမွေးမြူရေးခြံများ ထူထောင်မှုများဖြင့် အားပေးကူညီသွားကြရမည်ဖြစ်သည်။

တောင်သူလယ်သမားများအပိုင်းကလည်း ဒေသတွင်းဖြစ်ထွန်းလျက်ရှိသည့် ပဲအမျိုးမျိုးအပါအဝင် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားကြရန် လိုအပ်မည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသခံတောင်သူလယ်သမားများအနေဖြင့် ဒေသရိက္ခာဖူလုံရေး ရည်မှန်းချက်နှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် တိုးချဲ့ဆောင်ရွက်ရင်း ရေမြေတောတောင်ရာသီဥတုကောင်းမွန်ရေး အထောက်အကူပြု သစ်တောသစ်ပင်များဖြင့် ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် အလေးထားပါဝင်ကြိုးပမ်း ဆောင်ရွက်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီက ကြီးမှူးဖွင့်လှစ်သည့် လူငယ်လူရွယ် ပညာပေး လေ့ကျင့်ရေး စခန်း (၈/၂၀၀၄) ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီ နာယက ဒေါ်ခင်သက်ဌေးက စခန်းဖွင့်ပွဲ အထိမ်းအမှတ်အလံကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေအား ပေးအပ်စဉ်။

(သတင်းစဉ်)

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ လူငယ်လူရွယ်ပညာပေးလေ့ကျင့်ရေးစခန်းဖွင့်ပွဲသို့တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၄

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးဖွင့်လှစ်သည့် လူငယ်လူရွယ်ပညာပေးလေ့ကျင့်ရေးစခန်း(၈/၂၀၀၄)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက် အားပေးချီးမြှင့်သည်။**

### တက်ရောက်

ဖွင့်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီနာယက ဒေါ်ခင်သက်ဌေးနှင့် နာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌ တိုင်းကျန်းမာရေး ဦးစီးဌာနမှူးဒေါက်တာလှမြင့်၊ စစ်ဒေသမှူးများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ နည်းပြဆရာ၊ ဆရာမများ၊ စခန်းဝင် လူငယ် လူရွယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီ နာယက ဒေါ်ခင်သက်ဌေးက လူငယ်လူရွယ် ပညာပေးလေ့ကျင့်ရေး စခန်း(၈/၂၀၀၄) ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ရေ့လုပ်ငန်းစဉ်များနှင့်အညီ ကျန်းမာရေး ကဏ္ဍ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော မျိုးဆက်ပွားကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

### အထိမ်းအမှတ်အလံ

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီ နာယက ဒေါ်ခင်သက်ဌေးက စခန်းဖွင့်ပွဲ အထိမ်းအမှတ်အလံကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေအား ပေးအပ်ပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အခမ်းအနားသို့ တက်ရောက်လာကြသော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် စခန်းဝင်လူငယ်လူရွယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ကူညီပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီက လူငယ်လူရွယ် ပညာပေးလေ့ကျင့်ရေး စခန်းများကို ဖွင့်လှစ်ခဲ့ရာ ယခု (၈)ကြိမ်မြောက် ဖွင့်လှစ်နိုင်ခဲ့ပြီး လူငယ်လူရွယ်၂၈၀တို့အား စခန်းဝင်လေ့ကျင့်ပေးခဲ့ကြောင်းနှင့် ယနေ့ဖွင့်လှစ်သော လူငယ်လူရွယ် ပညာပေးလေ့ကျင့်ရေး စခန်း(၈/၂၀၀၄)တွင် ရန်ကုန်တိုင်း အတွင်းရှိမြို့နယ်များမှ လူငယ် လူရွယ် ၄၀တို့ စခန်းဝင် လေ့ကျင့်ကြမည်ဖြစ်သည်။

(သတင်းစဉ်)

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးဖွင့်လှစ်သည့် လူငယ်လူရွယ် ပညာပေး လေ့ကျင့်ရေးစခန်း(၈/၂၀၀၄) ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်အားပေးစဉ်နှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေး ရှင်းလင်းပြောကြားစဉ်။**

(သတင်းစဉ်)

## အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

**ရန်ကုန် ဩဂုတ် ၁၄**

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်) တရားသူကြီးများဖြစ်ကြသောဒေါက်တာတင်အောင်အေးနှင့် ဦးချစ်လွင်တို့ပါဝင်သော အထူးအယူခံ ခုံရုံးသည် ယမန်နေ့ နံနက် ၁၀နာရီတွင် တရားရုံးချုပ် (ရန်ကုန်) ရုံးခန်း အမှတ်(၁)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှု သုံးမှုနှင့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု ရှစ်မှုတို့ကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ (၇) အရ တင်သွင်းသည့် တရားမ အထူးအယူခံမှု သုံးမှုကို ရုံးထိုင် ကြားနာကြသည်။

(သတင်းစဉ်)

## ရန်ကုန်မိုးရေချိန်

(၁၄-၈-၂၀၀၄)

| | | |
|---|---|---|
| ရန်ကုန်မြို့လယ် | - | ၂ ဒသမ ၆၄ လက်မ |
| ကမ္ဘာအေး | - | ၁ ဒသမ ၆၅ လက်မ |
| မင်္ဂလာဒုံ | - | ၁ ဒသမ ၄၆ လက်မ |

# Radio Free Asia အား လေ့လာခြင်း

ဗလမင်းထင်

Radio free Asia ဟူသော စကားစုကို ဘာသာပြန်သော် အများ အထင်တွင် အာရှဒေသ(တိုက်)၏ လွတ်လပ်သောရေဒီယို (သတင်း ကြေညာချက်၊ သတင်းလွှင့်ချက်၊ အသံ) ဟူ၍ ထင်မြင်ကြပေလိမ့်မည်။ Morphology ခေါ် စကားလုံးပုံသဏ္ဌာန်လေ့လာမှု၊ (Linguistics) စကားလုံးဖွဲ့မှု၊ ဗန္ဓနဗေဒပညာရပ်ရှုထောင့်မှ ဘက်စုံကြည့်သော် Free ဟူသော စကားရပ်သည် လွတ်လပ်သောဟူသည့် အဓိပ္ပာယ်တစ်မျိုးတည်းမသက်ရောက်။ Free ဟူသော စကားရပ်သည် **"မစောင့်စည်းသော၊ ချောင်သော"** ဟူသော သဘောလည်းအဓိပ္ပာယ် သက်ရောက်ပေသည်။ ဥပမာဆိုကြပါစို့ I don't like him, he is too free in his behaviour and in his language. ဟု သုံးစွဲ၍လည်းရသည်။ အဓိပ္ပာယ်က **"ကျွန်ုပ်သည် သူ့အား မနှစ်မြို့ချေ၊ သူသည် အပြောအဆို (ဝစီကံ)နှင့် အပြုအမူ (ကာယကံ)တို့တွင် မစောင့်စည်း၊ လက်လွတ်စပယ် ပြုမူလုပ်ကိုင်ဆောင်ရွက်၍ ဖြစ်သည်"** ဟု အဓိပ္ပာယ်သက်ရောက်သည်။

Radio Free Asia. (RFA)သည် တကယ်တော့ လွတ်လပ်သောအာရှရေဒီယိုမဟုတ်ချေ။ ၎င်း၏နောက်ကွယ်မှ ကြိုးကိုင်ထားသော (နဖားကြိုးထိုးထားသော) လူတစ်စု၏ ကြိုးဆွဲရာကနေရရှာသည့် **"မလွတ်လပ်သော၊ ထားရာနေ စေရာသွား၊ ပေးတာယူ၊ ခိုင်းတာလုပ်၊ ပြန်မပြောနဲ့၊ လက်ဝေခံ"**တို့ စုဝေးလှုပ်ရှားနေသည့် **"လေပုပ်ထုတ်ဆေးခါးကြီး"** ဖြစ်နေခဲ့သည်မှာ ကြာညောင်းခဲ့ချေပြီ။ အဘယ် ကြောင့်နည်း။ ITနည်းပညာရပ်တွင် အထက်စီးရ၊ မီဒီယာလောကကို အပိုင်စီး၊ ငါနင့်ငါသာ နိုင်းစရာဟု ခံယူထားကြသည့် မဟာအင်အားကြီးနိုင်ငံ (ဗိုလ်ကျစိုးမိုးရေးဝါဒီ) တို့၏ မသဒ္ဓါရေစာ၊ ပေးကမ်းစွန့်ကြဲစာ ကလေးဖြင့် စိတ်ထဲကပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အော်ဟစ်နေရသည့် အစာဟောင်း စွန့်ရာအပေါက်သဖွယ်ဖြစ်နေသောကြောင့်ပင်ဖြစ်ပေသည်။ ဤမျှလောက်ဖြင့်ပင် RFA၏ အတွင်းသရုပ်ပီပြင်လောက်ပြီဟု ယူဆရပေသည်။ အမျိုးဘာသာ၊ သာသနာကို စောင့်ရှောက်သည့် ဝံသာနုရက္ခိတတရားရှိသူတို့က ပိုမိုခံစား သဘောပေါက်နားလည်ကြပေမည်။

မြန်မာမှုတွင် **"မုန်းလျှင်အပြစ်၊ ချစ်လျှင်အကျိုး၊ မြတ်နိုးတော့ သဒ္ဓါ"** ဟူသော စကားရပ်သည် လည်းကောင်း၊ **"သူခိုးကလူလူဟစ်သည်"** ဟူသော စကားရပ်သည်လည်းကောင်း၊ **" ယာလည်း ညက်စေ၊ ကြက်လည်းမောစေ"** ဟူသော စကားရပ်သည်လည်းကောင်း၊ **"သူခိုးဓားရိုးကမ်းသည်"** ဟူသော စကားရပ်သည်လည်းကောင်း၊ **"ဘေးထိုင်၊ ဘိုင်ကျ၊ ဘုပြောသည်"** ဟူသော စကားရပ်သည်လည်းကောင်း၊ **"ကြွက်မနိုင် ကျီမီးနဲ့ရှို့"**၊ **"အိမ်ကြက်ချင်း အိုးမဲသုတ်"** ဟူသော စကားရပ်သည်လည်းကောင်း ရှိပေသည်။ ထိုစကားရပ်အသီးသီးတို့သည် မြန်မာ့နိုင်ငံရေးသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှု အစဉ်တစ်လျှောက်လုံးတွင် ပြည်တွင်းအမျိုးသား မျိုးချစ်အင်အားစု အပေါ် ဘက်စုံ၊ လက်ကုန်အောင်သစ္စာဖောက်သည့် အမျိုးသားသစ္စာဖောက်နှင့် ၎င်းသစ္စာဖောက်တို့အား လက်ကတုံး တောင်ဝှေးပြု၍ ပြည်တွင်းရေးကို ခြယ်လှယ်လိုသည့် ပြင်ပအင်အားစုတို့ အတိုင်အဖောက်ညီညီ ပြုမူဆောင်ရွက်ကြသည့် အမျိုးဘာသာ၊ သာသနာဖျက်သော လုပ်ကြံမှုကြီး (The Great Conspiracy) များကို ကာလ၊ ဒေသ၊ ပယောဂအခြေအနေကိုလိုက်၍ ထင်ဟပ် ယူနိုင်သည့် ပုံရိပ်နိုင်းအပ်သည့် စကားရပ်များပင် ဖြစ်နေပေတော့သည်။

ဥပမာ **"ငြိမ်းခါနီးထတောက်သော ဖယောင်းတိုင်(မီးတိုင်)"** ဆိုသကဲ့သို့ ဗမာပြည်ကွန်မြူနစ်ပါတီ ဓာတ်သိမ်းခန်းလို မိုင်းယန်းတိုက်ပွဲကြီးနှင့် ချိန်စက်၍ ပုံရိပ်နိုင်း၍ရသည်။ စိပ်ပုတီး လည်ပင်းဆွဲပြီး နိုင်ငံရေးကို မငြိငွေ့သေးသော အာဏာရမ္မက် ငမ်းငမ်းတက် ဘိုးဘိုးကြီး၏ ၁၉၈၈ လုပ်ရပ်နှင့်လည်း ပုံရိပ်နိုင်း၍ရသည်။ အလားတူ စိန်နားကပ်အရောင်ဖြင့် ပါးပြောင်နေသော နိုင်ငံရေးပင်ကိုအရည်အသွေး တစ်စုံတစ်ရာမရှိသည့် ထိုသူတို့၏ ဘဝသရုပ်နှင့်လည်း ထုတ်နုတ်ခိုင်းနိုင်း ပြသ၍ရသည်။ သမိုင်းဖြစ်စဉ်ဖြစ်ရပ် သာဓကများ အများအပြားပင်ရှိသည်။

**ကျွန်ုပ်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် Five Principles of Peaceful co-existence ခေါ် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်ကို အမြော်အမြင်ကြီးမားသော အခြား ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်များနှင့် ချမှတ်ကျင့်သုံးခဲ့သည်မှာ ရာစုနှစ်တစ်ဝက်ပင်ကျော်ခဲ့လေပြီ။ အဆိုပါ မူကြီးငါးရပ်တွင် "တစ်ပါးသူ၏ ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ခြင်း မပြုအပ်" ဟူသော နိုင်ငံခြားရေး မူဝါဒ၊ တစ်နည်းအားဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးကို အထောက်အကူပြုသော မူကြီးတစ်ရပ် ပါရှိသည်။ အဆိုပါ မူအပါအဝင် အခြားသော မူကြီးလေးရပ်သည်လည်း တစ်ရပ်နှင့်တစ်ရပ် အပြန်အလှန် ကြောင်းကျိုးပြု၍ ငြိမ်းချမ်းသော လူသားကမ္ဘာ၊ စည်ပင်ဖွံ့ဖြိုးသော လူသားကမ္ဘာ၊ ဗြဟ္မစိုရ်တရားနှင့် လောကပါလ တရားများ ထွန်းကားသော လူသားကမ္ဘာသို့ ဦးတည်ရာ အပြုသဘောချည်းပင်ဖြစ်သည်။ မျက်မှောက်ကမ္ဘာ့အခြေအနေသည်လည်း ငြိမ်းချမ်းရေးနှင့် စည်ပင်ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်း၏ ယေဘုယျတူရှုပြုရာ အခြေအနေလည်းဖြစ်သည်။**

RFA၏ မိုးလုံးပြည့်မုသာဝါဒစကားများက မထိရောက်၊ အန္တရာယ်မရှိ–ဟု နှလုံးပိုက်ထားလင့်ကစား၊ ဟောင်လွန်း တော့လည်း အိပ်ရေးပျက်သည်။ အိပ်ရေးပျက်သဖြင့် ၎င်းခွေးကို လေးခွ၊ ကျောက်ခဲ၊ တုတ်ချောင်းတို့ဖြင့် ပစ်ပေါက်ပါက ခွေးနှင့်ပြိုင်၍ မိုက်မဲရာ ကျလေရော့ ထင့်...ဟူ၍ တုဏှိဘာဝေ ဆိတ်ဆိတ်နေခဲ့သည်။ ဘယ်သူ တရားပျက်ပျက် ကိုယ်မပျက်စေနှင့်ဟူသော သူတော်ကောင်းတရား လက်ကိုင်ထား၍ နိုင်ငံရေးပဋိသိ (နိုင်ငံရေးငါးပါးသီလ) ကို လုံခြုံစွာ စောင့်ထိန်းခဲ့သည်။ နိုင်ငံက သေးငယ်လင့်ကစား နိုင်ငံရေးဂုဏ်သိက္ခာ အမြင့်ဆုံး၌ ထားရှိသည်။ သို့သော်လည်း မပြောမပြီး၊ မတီးမမြည် "ဆိုရေးရှိက ဆိုအပ်စွ" ဟူသော အချိန်ကား လိုအပ်သည်ထက်ပင် ပိုခဲ့ပြီ။ ထို့ကြောင့် As a colourless Citizen objectivist နိုင်ငံရေးအသွေးအရောင် မရှိသော ဓမ္မဓိဋ္ဌာန်ဝါဒီ၊ ယထာဘူတိကဝါဒီ နိုင်ငံသားတစ်ဦးအနေဖြင့် နားမချမ်းသာ၍၊ မတတ်သာလွန်း၍ ဤသို့ တင်ပြရခြင်းဖြစ်ကြောင်း ရိုးသားစွာ ဝန်ခံလိုပါသည်။

"အမှားသည်ကြာလျှင် အမှန်ဖြစ်သည်၊ နဲ့ပါများတော့လှုပ်သည်" ဟူသော နည်းဗျူဟာ Protracted war of psychological propaganding and agitationဟူသော စိတ်ဓာတ်ရေးစစ်ဆင်မှုသည် စစ်ပွဲများ ဖြစ်နေသည့်ကာလတွင်သာမဟုတ် စစ်အေးကာလတွင်လည်း ထိရောက်သော ဗျူဟာတစ်ရပ်ဖြစ်သည်။ ဤနည်းဗျူဟာကို ၁၉၆၇ အရေးအခင်းတွင် ဗကပတို့ အသုံးချခဲ့သည်။ အလားတူ ၁၉၈၈ အရေးအခင်း ကနဦးကာလတွင် မင်းမဲ့ဝါဒီတို့က 'ဒီမိုကရေစီ' ဟူသော လက်သုံးစကားကို သရုပ်ပျက်သုံးစွဲ၍ ထိုးနှက်ခဲ့သည်။ ယခုလည်း ဤထိုးနှက်ချက်ကို လေထဲတွင် (momentum) အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်း၍ "မြန်မာစစ်အစိုးရ" ခေါင်းစဉ်တပ်၍ ထိုးနှက်ခဲ့သည်မှာ ဘက်ပေါင်းစုံက ဖြစ်သည်။

**တပ်မတော်အစိုးရသည် ၁၉၈၈ ခုနှစ်အရေးအခင်းကို အကြောင်းပြု၍ သမိုင်းပေးတာဝန်အရ နိုင်ငံတော် အာဏာအရပ်ရပ်ကို တာဝန်ယူခဲ့ရသည်။ နိုင်ငံတော်အာဏာကို မက်၍မဟုတ်၊ မလွှဲမရှောင်သာသော အခြေအနေအရပ်ရပ် (Pre-requisites for the emergence of peace and development, law and order) ကြောင့် ဖြစ်သည်။ ထိုသို့ တာဝန်ယူခဲ့ရုံသာမက တစ်ဖက်က တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးနှင့် အများပြည်သူ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး မျက်နှာစာ အသီးသီးတွင် ထူးထူးကဲကဲ နေ့၊ ညမအား ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို ကမ္ဘာကျော် အောင်ပွဲခံနိုင်ခဲ့သည်အထိ သိမ်သိမ်မွေ့မွေ့ ပါးပါးနပ်နပ် စေတနာအရင်းခံ၍ ဖြေရှင်း ဆောင်ရွက်ခဲ့ရသည်။ သုညအမှတ်အောက်ရောက်နေသော စီးပွားရေးကို ပြန်လည် ဦးမော့လာစေသည်သာမက နှစ်စဉ် GDP တိုးတက်မှုနှုန်းကို တဖြည်းဖြည်း တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ခဲ့သည်။** ဆိုရှယ်လစ်စနစ် (ဗဟိုချုပ်ကိုင်သော) အထွေထွေနိုင်ငံရေး လူမှုအဆောက်အအုံမှသည် ပြည်သူတို့၏ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့် တည်းဟူသော ဒီမိုကရေစီအတွင်းသရုပ်ကို အကောင်အထည်ဖော်ရာတွင် Interim periodဟူသော အသွင်ကူးပြောင်းရေး ကာလတစ်ရပ်ကိုမကျော်ဖြတ်ဘဲ မည်သည့်ပါတီ၊ လူပုဂ္ဂိုလ် အဖွဲ့အစည်းကမှ ဆောင်ရွက်၍မရချေ။ ဆောင်ရွက်လျှင်လည်း ခေတ္တခဏသာခံ၍ ပြန်ပျက်သွားမည်သာ ဖြစ်သည်။

**"နိုင်ငံရေးသည် လူမှုသိပ္ပံ၏ အမြင့်ဆုံးတရားဖြစ်သည့်"အားလျော်စွာ သိမ်မွေ့နက်နဲ ကျယ်ပြောလှပေသည်။ နိုင်ငံရေးသည် လူ့အရေး၊ လူ့ကိစ္စဖြစ်၍ 'ကိစ္စမြားမြောင်လူတို့ဘောင်'ဟူသော ဆိုစကားအရလည်းကောင်း၊ 'လူတစ်ခုပူမှုရယ်က ဆယ်ကုဋေ' ဟူသော ဆိုစကားအရလည်းကောင်း၊ ယင်းအဆိုစကားတို့ကို ဆင်ခြင်နိုင်လျှင်ပင် တိုင်းပြည်တစ်ပြည်၏ အရေးအရာကိစ္စအဝဝကို တာဝန်ယူထားသူ ပုဂ္ဂိုလ်တို့အဖို့ မည်မျှတာဝန်ကြီးကြောင်း သိလောက်ပြီ။ ဝေဖန် လေကန်ရသူတို့အဖို့ ပါးစပ်ကလွဲ၍ ဘာအရင်းအနှီးမျှ စိုက်ရန်မလို။ သို့သော် 'သခွပ်ပင်က မီးတကျည်ကျည်'၊ 'မစားရတဲ့ အမဲသဲနဲ့ပက်'ဟူသော ဆိုထုံး စကားအရ "မင်းသားကြီးမလုပ်ရ၍ ပတ်မကြီးထိုးဖောက်ရန် ထာဝရ ဆင်ကြံ ကြံစည်နေသည့် လူအုပ်စု" ယင်းလူအုပ်စုမျိုးများအား ချဉ်းကပ်ပြီး Sphere of political influence နိုင်ငံရေး ဩဇာနယ်ပယ်ချဲ့ထွင်သော ပြည်ပ ပယောဂတို့က မြန်မာနိုင်ငံ၏ တပ်မတော်အစိုးရ အနေဖြင့် မည်သို့ပင် ကောင်းအောင်လုပ်သည်ဖြစ်စေ အမျိုးမျိုးဝေဖန် အပုပ်ချ၍၊ မျက်မှန်စိမ်းတပ်၍ အဆိုးမြင်ဝါဒဖြင့် ကြည့်သည်။ ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်ခြင်းမပြုတော့ချေ။**

၎င်းတို့သည် အာဏာရယူလိုသော ငမ်းငမ်းတက်(တဏှာ)၊ ထိပ်ဆုံးရောက်နေသော (မာန)၊ ငါတို့တက်မှ ဒီနိုင်ငံကောင်းစားမည်ဟူသော (အတ္တ)၊ ဤ **"တဏှာ၊ မာန၊ အတ္တ"**တည်းဟူသော **"အောက်ကို ဆွဲဆွဲချနေသည့် တရား"**သဘောကို မစောကြော မဆင်ခြင်နိုင်ဘဲ ပြည်သူနှင့် တစ်စတစ်စ၊ မြန်မာ့နိုင်ငံရေးဘဝနှင့် တစ်စတစ်စကင်းကွာလျက်ရှိနေပေတော့သည်။ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓသာသနာထွန်းကားရာ တိုင်းပြည်ဖြစ်သည်။ ဘာသာရေးနှင့် နိုင်ငံရေးတို့၏ သဘာဝသည် လောကီရေးနှင့် လောကုတ္တရာရေးဖြစ်၍ သဘောသဘာဝချင်း ခြားနားသည်ကား မှန်၏။ သို့သော် Law of social developmentတည်းဟူသော လူ့ဘောင်သမိုင်း၏ ပြောင်းလဲရေး အစဉ်တရားတွင် infrastructure (economic base)ခေါ် စီးပွားရေးအခြေခံ အဆောက်အအုံနှင့် လိုက်ဖက်ညီသည့် Appropriate ideology, superstructure သည် လူ့အဆောက်အအုံတိုင်းတွင် ဒွန္ဒတရား (Nature of dialectics) အရ ဖွဲ့စည်းဖြစ်တည်ရသည့်အားလျော်စွာ ဘာသာရေး၏ ကောင်းမြတ်သော အဆိုအမိန့်များက တစ်နည်းနည်းနှင့် နိုင်ငံရေးအပေါ် ကြောင်းကျိုး ဆက်စပ်လျက်ရှိပေသည်။ ဆိုလိုသည်မှာ မြန်မာ့တပ်မတော်ခေါင်းဆောင်များသည် စစ်ယူနီဖောင်းဝတ်ထားသဖြင့် ခက်ထန်ကြမ်းတမ်းသည့် စစ်ဝါဒီများဖြစ်သည်ဟု ထင်မှတ်မှားလျှင် တကယ်တကယ်စင်လွဲမှားပေလိမ့်မည်။ ဗုဒ္ဓဝါဒီများဖြစ်၍ ယဉ်ကျေးသိမ်မွေ့သည်။ မလွှဲသာ၍သာ နိုင်ငံတော်အာဏာကို ကိုင်စွဲထားခြင်းဖြစ်သည်။ အမှန်မှာ **"ချိုးဖြူငှက်ကို ကိုင်စွဲထားသော လူမှုတိုးတက်ရေးဝါဒီများ"**ဖြစ်သည်။ သို့ဖြစ်၍ RFA အပါအဝင် BBCနှင့် VOA ဟူသည့် မြန်မာ့နိုင်ငံရေးဘဝ၏ ရှိဖြစ်တရားအပေါ် အဖျက်အမှောင့် ပေါင်းစုံဖြင့် ထိုးနှက်နေသော ဝေဖန်ရေးသမားတို့အား ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့ ခံယူကျင့်သုံးအပ်သော အောက်ပါဝေဖန်ရေးမူငါးချက်ကို အသိပေး၍ သတိပြုကြပါကုန်ဟု မေတ္တာနှင့်ယှဉ်သော စကားကိုဆိုအပ်ပါသည်။

အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်၊ အာဃာတဝဂ်၊ စောဒနာသုတ်ပါ ရှင်သာရိပုတ္တရာ၏ မိန့်ဆိုချက်–

**"ငါ့ရှင်တို့၊ သူတစ်ပါးအား စောဒနာလိုသော ရဟန်းသည် ဤတရားငါးပါးတို့ကို မိမိသန္တာန်၌ ဦးစွာဖြစ်ပေါ်စေပြီးမှ သူတစ်ပါးကို စောဒနာရာ၏"**

"အဘယ်တရားငါးပါးတို့နည်းဟူမူ---"

**(၁) လျောက်ပတ်သောအခါ၌သာဆိုအံ့၊ မလျောက်ပတ်သောအခါ၌ မဆိုအံ့၊**

**(၂) ဟုတ်မှန်သောစကားဖြင့်သာဆိုအံ့၊ မဟုတ်မမှန်သောစကားဖြင့် မဆိုအံ့၊**

**(၃) နူးညံ့သောစကားဖြင့်သာဆိုအံ့၊ ကြမ်းတမ်းသောစကားဖြင့် မဆိုအံ့၊**

**(၄) အကျိုးဖြင့်စပ်သော စကားဖြင့်သာဆိုအံ့၊ အကျိုးဖြင့် မစပ်ယှဉ်သော စကားဖြင့် မဆိုအပ်၊**

**(၅) မေတ္တာစိတ်ရှိသည်ဖြစ်၍ ဆိုအံ့၊ ဒေါသစိတ်ရှိသည်ဖြစ်၍ မဆိုအံ့။**

(မှတ်ချက်။ ။ စောဒနာ=တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အပြစ်တင်ခြင်း၊ ဝေဖန်ခြင်းဟူသော အဓိပ္ပာယ်ရပါသည်။)

ကျွန်ုပ်တို့ မြန်မာနိုင်ငံ၏ တပ်မတော် ခေါင်းဆောင်များသည် မိမိတို့ သွေးချင်းဖြစ်သော တိုင်းရင်းသား လူမျိုးများအပေါ်တွင် အထူးပင် ပြောစရာ မလိုအောင် စိတ်ရှည်၊ သည်းခံ၊ ခွင့်လွှတ်၍ နာယကဂုဏ်နှင့်အညီ စောင့်စည်းမှုများဖြင့် ဆောင်ရွက်ခဲ့သည့် သာဓက အများအပြားရှိသည်။ မြန်မာနိုင်ငံသား တိုင်းရင်းသားများအပေါ်၌ပင် မဆိုထားဘိ၊ ပြည်ပ နိုင်ငံများနှင့် ဆက်ဆံ ပြောဆိုလုပ်ကိုင်ရာ၌ပင်လျှင် နှုတ်စောင့်စည်း၍ ဆက်ဆံခဲ့သည့် သာဓက အများအပြားပင်ရှိသည်။ ဤသည်ကား "ချစ်စကိုရှည်စေ၊ မုန်းစကို တိုစေ" ဟူသော သဘောထား၊"ဘယ်သူတရား ပျက်ပျက် ကိုယ်မပျက်စေနှင့်" ဟူသော သဘောထား၊ "သည်းခံခွင့်လွှတ် စိတ်ရှည်သည့် သဘောထား" တို့ဖြင့် နူးညံ့သိမ်မွေ့စွာ ဆက်ဆံခဲ့ခြင်းများပင်ဖြစ်သည်။

သို့ပင်ဖြစ်ငြားလည်း အထက်ပါဝေဖန်ရေးမူငါးချက်တို့၏ မြင့်မြတ်နက်နဲမှုနှင့်ဆန့်ကျင်၍ RFA,VOA,BBC တည်းဟူသော မိုးလုံးပြည့်မုသာဝါဒီများ စုစည်းရာ အဝန်းအဝိုင်း၌ ပါဝင်ပတ်သက် လှုပ်ရှားနေကြသူတို့သည် အနောက်တိုင်းနိုင်ငံရေးအတွေးအခေါ်တစ်ရပ်က ဖော်ပြခဲ့ဖူးသည့် Politics is the refuge of scoundrels နိုင်ငံရေးဟူသည် လူဆိုးသူခိုးတို့၏ ခိုကိုး (ခိုလှုံမွေ့လျော်)ရာ ဖြစ်သည်ဟူသော ဆိုစကားနှင့် ကိုက်ညီစွာ မဟုတ်မမှန် လုပ်ကြံဝါဒဖြန့် ထုတ်လွှင့်သူများ၊ အရှက်တရား၊ သိက္ခာတရား မြူတစ်မှုန်မျှ မရှိသူများ ဖြစ်ပေသည်။

အဘယ်ကြောင့်နည်း–မြန်မာ့တပ်မတော်အစိုးရ ဆောင်ရွက်နေသည့် တိုင်းကျိုးပြည်ပြု လုပ်ငန်းရပ်များ အပေါ် ယထာဘူတကျကျ၊ ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်မှုမပြု၊ တစ်လုံးတစ်ပါဒမျှ အကောင်းမပြောနိုင်ကြခြင်းကြောင့် ဖြစ်ပေသတည်း။ အမှန်တရားကို ဖုံးကွယ်ထားကြသည်။ **"မိမိ၏ကံ–ပဲ့တင်သံ၊ ကိုယ့်ထံပြန်လာမည်"**ဟူသောစကားအတိုင်း သူတစ်ပါးအကြောင်း မကောင်းဝေဖန် လုပ်ကြံအပုပ်ချ ပြောဆိုနေသူသည် တရွေ့ရွေ့နှင့် တစ်နေ့နေ့ ကိုယ်ကိုယ်ကို ပြန်ထိ လိမ့်မည်ဖြစ်ကြောင်း "ဒေါ်လာစား ရုပ်သေးရုပ်များ" အား ကရုဏာရှေ့ထား၍ ရေးသားလိုက်ရပါကြောင်း။ ။

**ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ တပ်မတော်ခေါင်းဆောင်များသည် မိမိတို့ သွေးချင်းဖြစ်သော တိုင်းရင်းသားလူမျိုးများအပေါ်တွင် အထူးပင် ပြောစရာ မလိုအောင် စိတ်ရှည်၊ သည်းခံ၊ ခွင့်လွှတ်၍ နာယကဂုဏ်နှင့် အညီ စောင့်စည်းမှုများဖြင့် ဆောင်ရွက်ခဲ့သည့် သာဓက အများအပြားရှိသည်။ မြန်မာနိုင်ငံသား တိုင်းရင်းသားများအပေါ်၌ပင် မဆိုထားဘိ၊ ပြည်ပ နိုင်ငံများနှင့် ဆက်ဆံ ပြောဆိုလုပ်ကိုင်ရာ၌ပင်လျှင် နှုတ်စောင့်စည်း၍ ဆက်ဆံခဲ့သည့် သာဓက အများအပြားပင်ရှိသည်။ ဤသည် ကား "ချစ်စကိုရှည်စေ၊ မုန်းစကို တိုစေ" ဟူသော သဘောထား၊ "ဘယ်သူ တရား ပျက်ပျက် ကိုယ်မပျက် စေနှင့်" ဟူသော သဘောထား၊ "သည်းခံခွင့်လွှတ် စိတ်ရှည်သည့် သဘောထား"တို့ဖြင့် နူးညံ့သိမ်မွေ့စွာ ဆက်ဆံခဲ့ခြင်း များပင်ဖြစ်သည်။**

# နိုင်ငံတကာသတင်းများ

# ဗြိတိန်အကျဉ်းထောင်များ၌ အကျဉ်းသားများဖြင့် ပြည့်ကျပ်နေ ထောင်တွင်း၌ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု မြင့်တက်လာသည်ဟု ဖော်ပြ

လန်ဒန် ဩဂုတ် ၁၃

**အင်္ဂလန်နှင့်ဝေလဒေသရှိ အကျဉ်းထောင်များတွင် လူများပြည့်ကျပ်နေရာ စံချိန်ချိုးနိုင်သည့်အနေအထားတွင် ရောက်ရှိနေပြီး အကျဉ်းသားများမှာ တစ်ဦးရှေ့တစ်ဦး အပေါ့အလေးစွန့်ရပြီး အိမ်သာပေါ်ထိုင်၍ ထမင်းစားသောက်နေရကြောင်း ပြုပြင်ရေးပရဟိတအုပ်စုတစ်စုက သောကြာနေ့က ပြောကြားလိုက်သည်။**

အကျဉ်းစခန်း သုံးပုံနှစ်ပုံခန့်၏ ကျဉ်းကျဉ်းကျပ်ကျပ် ရှိနေသည့် အခြေအနေများကြောင့် မူးယစ်ဆေးဝါး အသုံးပြုမှုနှင့် ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုနှုန်းများ သိသိသာသာ မြင့်တက်လာခဲ့ကြောင်း အကျဉ်းထောင် ပြုပြင်ရေးအဖွဲ့ (အာပီတီ)က ထုတ်ပြန်သည့်အစီရင်ခံစာတွင်ဖော်ပြထားသည်။

ဗြိတိသျှ အကျဉ်းထောင်ဌာနသည် လွန်ခဲ့သည့် နှစ်အတွင်းက အဓိက ပြုပြင်ဆောင်ရွက်ရန် ရည်မှန်းချက် လုပ်ငန်း ၁၈ ခုအနက်မှ ခုနစ်ခုကိုပင် ဖြည့်ဆည်းဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြောင်း၊ ယင်းလုပ်ငန်းများတွင် မူးယစ်ဆေးဝါးမှု၊ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုနှင့် လူပြွတ်သိပ်နေမှု စသည့် လုပ်ငန်းများပါဝင်ကြောင်း ယင်းအစီရင်ခံစာတွင် ဝေဖန်ထားသည်။

အကျဉ်းသားတစ်ဦးသာ ထားရှိရမည့်အခန်းအတွင်း အကျဉ်းသားနှစ်ဦးထားရှိပြီး အကျဉ်းသား ၁၆၅၀၀ ဦးခန့်သည် အခန်းငယ်များတွင် နေထိုင်လျက်ရှိသည်ဟုဖော်ပြပါအဖွဲ့က ပြောကြားသည်။

မူးယစ်ဆေးဝါးစမ်းသပ်မှုများအား ကြုံသလိုပြုလုပ်မှုသည် ၁၀ရာခိုင်နှုန်းမှ ၁၂ဒသမ၃ရာခိုင်နှုန်းအထိ မြင့်မားခဲ့ပြီး ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုများ အချိုးအစားမှာလည်း မြင့်တက်လာခဲ့ရာ အကျဉ်းထောင်ဌာနအနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ ရည်မှန်းချက်အတိုင်း ဖြည့်ဆည်းရန် ခုနစ်နှစ်ဆက်တိုက် ပျက်ကွက်ခဲ့ကြောင်း ဖော်ပြနေခြင်းပင်ဖြစ်သည်။

လူပြွတ်သိပ်ထားရှိသည့် အကျဉ်းစခန်းများသည် အလုပ်မလုပ်ကြကြောင်းဖြင့် အစီရင်ခံစာက ဖော်ပြထားသည်။

ယင်းစခန်းများမှာ လုံခြုံမှုမရှိ၊ လူ့ဂုဏ်သိက္ခာနှင့်မလျော်ညီ၊ လုပ်ငန်းတွင်ကျယ်မှုမရှိကြောင်း ၎င်းအစီရင်ခံစာတွင်ပါရှိသည်။

အင်္ဂလန်နှင့်ဝေလ အကျဉ်းစခန်းများတွင် အကျဉ်းသားဦးရေ ၇၅၁၄၆ ဦး ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁ ရက်အထိရှိပြီး ယမန်နှစ်ကထက် အကျဉ်းသားဦးရေ ၁၂၃၅ ဦး မြင့်တက်ခဲ့ကြောင်း၊ အကျဉ်းစခန်း ၁၃၈ ခုတွင် ၈၃ ခုမှာ လူများ ပြွတ်သိပ်လျက်ရှိကြောင်း အစီရင်ခံစာအရ သိရသည်။

***အမ်အင်အေ၊ရိုက်တာ။***

## ကင်းလှည့်စောင့်ကြပ်



**အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန် သံချပ်ကာကားတစ်စီးကို ဩဂုတ် ၁၃ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ဖော်လူဂျာတွင် ညမထွက်ရ အမိန့် ထုတ်ပြန်ထား

နယူးဒေလီ ဩဂုတ် ၁၃

**အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ညမထွက်ရ အမိန့်ထုတ်ပြန်ထားခြင်းကြောင့် ဓားစာခံ ဖမ်းထားသူများနှင့် တွေ့ဆုံဆွေးနွေးရန် ကြိုးပမ်းအားထုတ်နေမှုများမှာ အဟန့်အတားများနှင့် တွေ့ကြုံနေရကြောင်း အီရတ်၌ ဓားစာခံများ အဖြစ် အဖမ်းခံထားရသော အိန္ဒိယ သုံးဦး၊ ကင်ညာ သုံးဦးနှင့် အီဂျစ်တစ်ဦးတို့၏ အလုပ်ရှင်က ကြာသပတေးနေ့တွင် ပြောကြားသည်။**

မိမိတို့သည် ဓားစာခံဖမ်းဆီးထားသူများထံမှ မည်သည့် သတင်းကိုမျှ မကြားသိရကြောင်း ကူဝိတ် ပင်လယ်ကွေ့ ဆက်သွယ်ရေး ကုမ္ပဏီ(ကေဂျီအယ်လ်) ပြောရေးဆိုခွင့်ရှိသူ ရာနာ အဘူ-ဇိုင်နက်က ပြောကြားသည်။ အဆိုပါ ကုမ္ပဏီသည် အီရတ်နိုင်ငံတွင် ဓားစာခံအဖြစ် အဖမ်းခံထားရသော ထရပ်ကားယာဉ်မောင်း ခုနစ်ဦး၏ အလုပ်ရှင်ဖြစ်သည်။

### မဆက်သွယ်နိုင်

ခုခံတိုက်ခိုက်ရေးသမားများ ခြေကုပ်ပြုရာ ဖော်လူဂျာမြို့တွင် ညမထွက်ရ အမိန့် ထုတ်ပြန်ထားခြင်းကြောင့် မိမိတို့၏ စေ့စပ်ဆွေးနွေးရေးမှူး အနေဖြင့် ဓားစာခံ ဖမ်းဆီးထားသူများနှင့် ဆက်သွယ်နိုင်ခြင်း မရှိကြောင်း ပြောရေး ဆိုခွင့်ရှိသူက ပီတီအိုင် သတင်း အေဂျင်စီသို့ ပြောကြားသည်။

ကေဂျီအယ်လ် ကုမ္ပဏီနှင့် ပြန်ပေးဆွဲသူများအကြား ကြားဝင်စေ့စပ်ပေးနေသော အီရတ်လူမျိုးစု အကြီးအကဲ ဟစ်ဟမ် အယ်လ်-ဒူလိုင်မီနှင့် ဆွေးနွေးနေမှုများကို ယင်းကုမ္ပဏီက ရပ်သိမ်းလိုက်ကြောင်း၊ အကြောင်းမှာ ဒူလိုင်မီအနေဖြင့် လှည့်ဖြားမှုများ ပြုလုပ်နေခြင်းကြောင့် ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

### တောင်းဆို

အီရတ်နိုင်ငံ ဓားစာခံ အဖမ်းခံထားရသူများ ပြန်လည်လွတ်မြောက်ရန် နီးပြီဟု အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားခဲ့သော်လည်း ပြန်ပေးဆွဲသူများက တောင်းဆိုချက်တစ်ရပ်ကို ချပြခဲ့သည်ဟု ကုမ္ပဏီပြောရေး ဆိုခွင့်ရှိသူက ပြောကြားသည်။ ***အင်တာနက်။***

## ကင်းလှည့်

**အီရတ်နိုင်ငံ အမာရာမြို့တွင် ကင်းလှည့်နေသည့် ခုခံတိုက်ခိုက်ရေး သမားများကို ဩဂုတ် ၇ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# နာဂျက်ဖ်မြို့တွင် ခုခံရေးသမားများနှင့် ကန်တပ်ဖွဲ့ဝင်များ အပြင်းအထန်တိုက်ခိုက်

နာဂျက်ဖ်(အီရတ်) ဩဂုတ် ၁၃

**ရက်သတ္တတစ်ပတ်ကြာပြီဖြစ်သည့် ခုခံတိုက်ခိုက်မှုများ အဆုံးသတ်စေရေးအတွက် ထိုးစစ်ဆင်တိုက်ခိုက်မည်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားပြီးနောက် တစ်ရက်အကြာ ကြာသပတေးနေ့တွင် စစ်လေယာဉ်များအကူအညီဖြင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များသည် ရှီးယိုက် တိုက်ခိုက်ရေးသမားများအား နာဂျက်ဖ်မြို့တွင် တိုက်ခိုက်ကြသည်။**

### မသိရပေ

ယင်းတိုက်ခိုက်မှုမှာ ရှီးယိုက်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါအား သစ္စာစောင့်သိသည့် လက်နက်ကိုင် တိုက်ခိုက်ရေးသမားများအား အမြစ်ပြတ်နှိမ်နင်းရန် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်အစိုးရတို့၏ အပြီးသတ်ထိုးနှက်ချက် ဟုတ်၊ မဟုတ်ကို ရှင်းလင်းပြတ်သားစွာ မသိရသေးသော်လည်း အကျပ်အတည်း၊ ပဋိပက္ခဖြစ်ပေါ်ခဲ့ချိန်နောက် အပြင်းထန်ဆုံး တိုက်ခိုက်မှုများအနက် တစ်ခုဖြစ်သည်။

### ဖျက်ဆီးမည်

အမေရိကန် တပ်ဖွဲ့ဝင်များသည် နာဂျက်ဖ်မြို့ရှိ မိမိတို့၏ အခြေစိုက်စခန်းများကို စီးနင်းဝင်ရောက်ရန် ကြိုးပမ်းလျှင် ခုခံတိုက်ခိုက်ရေးသမားများသည် အီရတ်နိုင်ငံတောင်ပိုင်းရှိ ရေနံပိုက်လိုင်းများကို ဖောက်ခွဲဖျက်ဆီးမည်ဖြစ်ကြောင်း ဆာဒါ၏ မီဒီလက်နက်ကိုင်တပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်ရှိတ်အာဆတ်အယ်ဘာဆရီက သတိပေးလိုက်သည်။

အီရတ်နိုင်ငံတောင်ပိုင်းမှ အဓိက ရေနံပိုက်လိုင်းကို အလုပ်သမားများက ပြင်ဆင်မှုအဆုံးသတ်ပြီး ရေနံ စတင်တင်ပို့ရန်အမိန့်ကို စောင့်ဆိုင်းနေပြီးနောက် နာရီပိုင်းအကြာတွင် ဗုဒ္ဓဟူးနေ့က ယင်းသတိပေးချက် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

### တိုက်ခိုက်

အမေရိကန် စစ်လေယာဉ်များနှင့် လက်နက်တပ်ဆင်ထားသည့် ရဟတ်ယာဉ်များသည် နာဂျက်ဖ်မြို့ ဆင်ခြေဖုံးဒေသများကို ကြာသပတေးနေ့က တိုက်ခိုက်ကြပြီး အီရတ် ခုခံတိုက်ခိုက်ရေး သမားများကလည်း အမေရိကန်စခန်းများကို ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်ကြသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

### ထုတ်လွှင့်

ထိုအတောအတွင်း အစ္စလမ္မစ် တိုက်ခိုက်ရေးသမားများက အသုံးပြုသည့် ဝက်ဘ်ဆိုက်မှနေ၍ အီရတ်ရှိ စီအိုင်အေ ထောက်လှမ်းရေးသမား တစ်ဦးကို အီရတ် ခုခံတိုက်ခိုက်ရေး သမားများက သတ်ဖြတ်ပုံကိုထုတ်လွှင့်သည့် ဗီဒီယိုတိပ်ခွေကို ပြသထားသည်။ အဆိုပါတိပ်ခွေမှာ အစစ်အမှန် ဟုတ်၊ မဟုတ်ကို ချက်ချင်းအတည်မပြုနိုင်သေးပေ။ ***အမ်အင်အေ၊ရိုက်တာ။***

# အီရတ်နိုင်ငံ၌ ကန်ရဟတ်ယာဉ် ပျက်ကျ မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

**ဘဂ္ဂဒက် ဩဂုတ် ၁၃**

အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် ရဟတ်ယာဉ်တစ်စင်းသည် အီရတ်နိုင်ငံ အယ်လ်အန်ဘာပြည်နယ်တွင် ပျက်ကျရာ မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ကြာသပတေးနေ့က ပြောကြားသည်။

### ထိခိုက်ဒဏ်ရာရ

စီအိပ်ချ်-၅၃ အမည်ရှိ ရဟတ်ယာဉ်တစ်စင်းသည် လုံခြုံရေးနှင့်တည်ငြိမ်ရေး စစ်ဆင်ရေးအတွက် အထောက်အပံ့ပေးသည့်အနေဖြင့် ဗုဒ္ဓဟူးနေ့ညက ပျံသန်းလာရာ အဆင်းတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ပျက်ကျမှုကြောင့် လူသုံးဦးလည်း ထိခိုက်ဒဏ်ရာရရှိသွားသည်။

ရဟတ်ယာဉ်ပျက်ကျရာ ဒေသတွင် ရန်သူ၏ ပစ်ခတ်မှုမဟုတ်ကြောင်းဟု လေ့လာတွေ့ရှိရကြောင်း ရဟတ်ယာဉ်ပျက်ကျမှုအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဟု စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အီရတ်နိုင်ငံတစ်ဝန်း တိုက်ခိုက်မှုများကြောင့် ၂၄ နာရီအတွင်း လူ ၁၆၅ ဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၃

**အီရတ်နိုင်ငံတစ်ဝန်း တိုက်ခိုက်နေမှုများကြောင့် လွန်ခဲ့သည့် ၂၄နာရီအတွင်း လူ၁၆၅ဦးထက်မနည်း သေဆုံးပြီး လူ၆၀၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ကျန်းမာရေးဌာနက ကြာသပတေးနေ့တွင် ပြောကြားသည်။**

ဘဂ္ဂဒက်မြို့တော်မှ ကီလိုမီတာ ၁၇၀ ခန့် အကွာရှိ ကွတ်ခရိုင် အယ်လ်ရာကီယာဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ဗုံးကြဲတိုက်ခိုက်မှုကြောင့် လူ ၇၅ဦး သေဆုံးပြီး လူ ၁၄၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ရှီးယိုက်တို့၏ ခြေကုပ်စခန်းဖြစ်သည့် ဆာဒါးမြို့တွင် အယ်လ်ဆာဒါ၏ သစ္စာခံ မီဒီလက်နက်ကိုင်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ အခြားလူ ၄၄ ဦး သေဆုံးခဲ့ပြီး လူ ၁၆၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြပါဌာနမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

အမေရိကန် စစ်ဘက်က အထင်ကရ ထိုးစစ်ဆင်နွှဲခဲ့မှုနှင့်အတူ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ဆာဒါ၏ နောက်လိုက် လက်နက်ကိုင်တပ်များ ဘာသာရေးမြို့တော် နာဂျက်ဖ်တွင် တိုက်ခိုက်နေမှုသည် ဒုတိယ ရက်သတ္တပတ်အတွင်း ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

နာဂျက်ဖ်မြို့တွင် ယခုအခါ တိုက်ခိုက်မှုကြောင့် သေဆုံးသူဦးရေ စုစုပေါင်း ၂၅ဦးရှိပြီး လူ၁၅၃ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကျန်းမာရေးဌာနက ဆက်လက်ဖော်ပြသည်။

အမ်မာရာမြို့တွင် တိုက်ခိုက်မှုဖြစ်ပွားမှုကြောင့် လူ ၁၄ဦး သေဆုံးပြီး ၇၇ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သကဲ့သို့ ဒီဝမ်နီယာမြို့တွင်လည်း တိုက်ခိုက်မှုကြောင့် လူခုနစ်ဦး သေဆုံးကာ လူ၅၂ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

တွန်းလှန်တိုက်ခိုက်နေမှုများသည် အီရတ်နိုင်ငံမှ ရှီးယိုက်များ နေထိုင်ရာဒေသများတွင် ဖြစ်ပွားနေခြင်းဖြစ်ပြီး အီရတ်ကြားဖြတ်အစိုးရ အနေဖြင့် ခက်ခဲသည့် တာဝန်ဝတ္တရားများနှင့် ရင်ဆိုင်ကြုံတွေ့ရပုံကို ဖော်ပြနေခြင်း ဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**နာဂျက်ဖ်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်နေမှုကို ဆန့်ကျင်ဆန္ဒပြနေကြသည့် ရှီးယိုက်ခုခံတိုက်ခိုက်ရေး သမားများအား ဩဂုတ် ၁၃ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

## အဖမ်းခံခဲ့ရသော လက်ဘနွန်ဓားစာခံများပြန်လွတ်လာ အခြား လက်ဘနွန်နှစ်ဦး ပျောက်ဆုံးနေဆဲ

ထရီပိုလီ(လက်ဘနွန်) ဩဂုတ် ၁၃

အီရတ်နိုင်ငံ၌ ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံထားရသူ လက်ဘနွန်နိုင်ငံသား စီးပွားရေးသမားတစ်ဦးမှာ အင်္ဂါနေ့က ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း ၎င်း၏မိသားစုများက ဆိုသည်။

ပြန်ပေးဆွဲခံရသူ လက်ဘနွန်နိုင်ငံသားမှာ အင်တိုနီအင်တောင်းဖြစ်သည်။ ၎င်းကို ပြီးခဲ့သော လကုန်ပိုင်းက ဆီးရီးယားလူမျိုး ယာဉ်မောင်း အီစာအယ်ရှိတ်အာဝဒ်နှင့်အတူ သေနတ်သမားများက ဘဂ္ဂဒက်မြို့ မုန့်ဖိုတစ်ခုတွင် ဖမ်းဆီးသွားခြင်းဖြစ်သည်။ အာဝဒ်မှာ တနင်္လာနေ့က ပြန်လည်လွတ်မြောက်လာသည်။

အင်တောင်းသည် ယမန်နေ့ နံနက်ပိုင်းက အီရတ်နိုင်ငံမှနေ၍ ထရီပိုလီမြို့သို့ အဆက်အသွယ်လုပ်ခဲ့ကြောင်း အင်တောင်း၏မိသားစုများက ပြောကြားသည်။ ထရီပိုလီမြို့သည် လက်ဘနွန်နိုင်ငံ၏ မြောက်ပိုင်းတွင် တည်ရှိသည်။

အင်တောင်း၏ အခြေအနေမှာ ကျန်းကျန်းမာမာနှင့် ကောင်းကောင်းမွန်မွန်ရှိသည်ကို သိရှိရကြောင်း ၎င်းနှင့် မောင်နှမဝမ်းကွဲတော်သူ တော်ဖစ်အဗ်ဒိုက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ အဗ်ဒိုက အသေးစိတ် အချက်အလက်များကို ဆက်လက်ပြောကြားခြင်း မရှိပေ။

ပြီးခဲ့သော သီတင်းနှစ်ပတ်က လက်ဘနွန်နိုင်ငံသား ငါးဦးတို့ ပြန်ပေးဆွဲခံခဲ့ရသည်။ အနည်းဆုံး သုံးဦးမှာ ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သော သီတင်းပတ်က လက်ဘနွန်ယာဉ်မောင်း တစ်ဦးမှာ ဘဂ္ဂဒက်မြို့ အနောက်ဘက် လမ်းမပေါ်၌ အဖမ်းခံခဲ့ရသည်။ ၎င်းမှာ နောက်ပိုင်းတွင် အခြားယာဉ်မောင်းတစ်ဦးဖြစ်သူ နာဆီရာအယ်ဂျန်ဒီနှင့် အတူ ပြန်လည်လွတ်မြောက်လာသည်ကို သိရှိရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။ ယာဉ်တန်းတစ်ခုတည်း၌ လိုက်ပါလာကြသော အယ်ဂျန်ဒီ၏ညီ တာဟာနှင့် ခါလ်ဒန်အော့စမန်တို့၏ သတင်းမှာမူ ယခုတိုင်အောင် တစ်စုံတစ်ရာ မသိရှိရသေးဟုဆိုသည်။

***အမ်အင်အေ၊ရိုက်တာ။***

## အီရတ်စစ်ပွဲ ဩစတြေးလျပါဝင်မှု အထင်ကရပုဂ္ဂိုလ်များ ရှုတ်ချ ဝန်ကြီးချုပ် ဟောင်းဝပ် ပြန်အရွေးခံရရေး ထိခိုက်နိုင်

ကင်ဘာရာ ဩဂုတ် ၁၃

**အီရတ်စစ်ပွဲတွင် ဩစတြေးလျပါဝင်မှုကို ကာကွယ်ရေးဦးစီးချုပ်ဟောင်းများနှင့် သံတမန်ဟောင်းများက တနင်္ဂနွေနေ့တွင် ပြစ်တင်ရှုတ်ချလိုက်ခြင်းမှာ ဩစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်အနေဖြင့် ရွေးကောက်ပွဲ၌ ပြန်လည်ရွေးချယ် တင်မြှောက်ခံရမည့် အလားအလာများကို အကြီးအကျယ် ထိခိုက်စေသည်။**

ဩစတြေးလျ ကာကွယ်ရေးဦးစီးချုပ်နှစ်ဦးနှင့် ဩစတြေးလျ သံအမတ်ကြီးသုံးဦး အပါအဝင် ထင်ရှားသည့် ဩစတြေးလျ ၄၃ ဦးတို့က ကြေညာချက်တစ်ရပ် ထုတ်ပြန်ရာတွင် ဩစတြေးလျအစိုးရသည် ပြည်သူတို့ကို လှည့်ဖြားပြီးနောက် အမေရိကန်အစိုးရ ဆုံးဖြတ်သည့် မူဝါဒများကို ပြီးစလွယ် အတည်ပြုပေးလိုက်ကြောင်းဖြင့် စွပ်စွဲထားသည်။

### မျှော်လင့်

ဝန်ကြီးချုပ် ဟောင်းဝပ်သည် စက်တင်ဘာ ၁၈ ရက် ရွေးကောက်ပွဲကို ယခုရက်သတ္တပတ်အတွင်း ကြေညာလိမ့်မည်ဟု အချို့သော ဝေဖန်ဆန်းစစ်သူများက ကြိုတင်ခန့်မှန်းပြောကြားခြင်းနှင့်အတူ အီရတ်စစ်ပွဲမှာ ကြီးမားသော ကိစ္စတစ်ရပ်ဖြစ်သည်ဟု ကြေညာချက်တွင် အလေးအနက် ဖော်ပြထားသည်။ ဝန်ကြီးချုပ် ဟောင်းဝပ်သည် စတုတ္ထမြောက် သုံးနှစ်သက်တမ်းအဖြစ် ဆက်လက်ပြီး ရွေးချယ်တင်မြှောက်ခံရမည်ဟု မျှော်လင့်သည်။

အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်ကျူးကျော်မှုကို ထောက်ခံကာ တပ်ဖွဲ့ဝင်များ စေလွှတ်ရာတွင် ဩစတြေးလျနှင့် ဗြိတိန်တို့သာလျှင် အမေရိကန်၏ မဟာမိတ်နိုင်ငံများဖြစ်သည်။ အီရတ်နှင့် အနီးတစ်ဝိုက်သို့ ဩစတြေးလျတပ်ဖွဲ့ဝင် ၉၀၀ နီးပါး စေလွှတ်ထားဆဲဖြစ်သည်။ အီရတ်တွင် လိုအပ်သလောက် ဆက်လက်ရှိနေမည်ဟု ဝန်ကြီးချုပ် ဟောင်းဝပ်က ပြောဆိုသည်။

***အင်တာနက်။***

**နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရန် ပြေးလွှားအကာအကွယ်ယူနေသည့် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားတစ်ဦးကို ဩဂုတ် ၉ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## ပေကျင်းမြို့တော်၌ လျှပ်စစ်ဓာတ်အား မလုံလောက်မှု သတိပေးချက် ထုတ်ပြန်

ပေကျင်း ဩဂုတ် ၁၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြို့တော်ပေကျင်းတွင် လျှပ်စစ်ဓာတ်အား မလုံလောက်မှုနှင့် ပတ်သက်သည့် သတိပေးချက်တစ်ရပ်ကို ထုတ်ပြန်ထားပြီး လျှပ်စစ်ဓာတ်အား သုံးစွဲမှုကို လျှော့ချရန် မြို့တော်သူ၊ မြို့တော်သားများနှင့် စီးပွားရေးလုပ်ငန်းရှင်များကို တိုက်တွန်းလိုက်ကြောင်း ပြည်သူ့နေ့စဉ်သတင်းစာက ကြာသပတေးနေ့တွင် ဖော်ပြလိုက်သည်။

မြို့တော်ရှိ စီးပွားရေးလုပ်ငန်းများနှင့် အစိုးရရုံးများ လုပ်ငန်းလည်ပတ်ရန် လိုအပ်မည့် ကီလိုဝပ် သုံးသိန်း ပြတ်တောက်လိမ့်မည်ဟု မျှော်လင့်ရသည်ဟူ၍ ဖော်ပြထားသည့် အဝါရောင်အဆင့် သတိပေးချက်ကို ပေကျင်းမြူနီစီပါယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး ကော်မရှင်က ထုတ်ပြန်ထားကြောင်း သတင်းစာက ဖော်ပြသည်။

ယင်းသတိပေးချက်မှာ နှစ်အတန်ကြာအတွင်း အဆိုးရွားဆုံး လျှပ်စစ်ဓာတ်အား ပြတ်လပ်မှုကို ဖြေရှင်းရန် တရုတ်ပြည်၏ ဆောင်ရွက်ချက်များအနက် တစ်ရပ်ပင် ဖြစ်သည်။

မြို့တော်သူ၊ မြို့တော်သားများ လျှပ်စစ်ဓာတ်အား သုံးစွဲမှု နည်းပါးချိန်တွင် လုပ်ငန်းများ လည်ပတ်လုပ်ကိုင်ကြရန် စက်မှုလုပ်ငန်းရှင်များကို တိုက်တွန်းထားကြောင်း သတင်းစာက ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

## အီရတ်နိုင်ငံ ကွတ်မြို့၌ တိုက်ခိုက်မှု ဖြစ်ပွား

ကွတ်(အီရတ်) ဩဂုတ် ၁၃

**အီရတ်နိုင်ငံတောင်ပိုင်း ကွတ်မြို့တွင် အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများ တိုက်ခိုက်မှုနှင့် အမေရိကန်တို့၏ လေကြောင်းမှ တိုက်ခိုက်မှုတို့ကြောင့် အနည်းဆုံး လူ၇၂ဦး သေဆုံးပြီး ၁၄၈ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။**

**ထိခိုက်ဒဏ်ရာရသူများကို ကွတ်မြို့ရှိ ဆေးရုံများသို့ တင်ပို့ထားကြောင်း ၎င်းက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ ကွတ်မြို့သည် ဘဂ္ဂဒက်မြို့၏ အရှေ့တောင်ဘက် ၁၀၅ မိုင်အကွာတွင် တည်ရှိသည်။**

**ဗုဒ္ဓဟူးနေ့က ဖြစ်ပွားသည့် တိုက်ခိုက်မှုများတွင် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ၏ မီဒီလက်နက်ကိုင် ခုခံတိုက်ခိုက်ရေးသမားများသည် အီရတ်တပ်ဖွဲ့ဝင် ငါးဦးကို သတ်ပစ်ခဲ့သည်။** *အမ်အင်အေ၊ရိုက်တာ။*

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တောင်ဘက် မဟာဝီမြို့ရှိ ရဲစခန်းရှေ့တွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသောလမ်းကို ဩဂုတ် ၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)




## ဆေးဝါးကုသ

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာ ရရှိသွားသော အီရတ်တစ်ဦး ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူနေသည်ကို ဩဂုတ် ၄ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့နှင့် ခုခံတိုက်ခိုက်ရေးသမားများ တိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးသွားသည့်ဈေးမှ အပျက်အစီးများကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်ဆင်ခြေဖုံး အဘူဂါရိပ်မြို့တွင် အမေရိကန်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဩဂုတ် ၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့အား တိုက်ခိုက်နေသည့် ခုခံတိုက်ခိုက်ရေးသမားတစ်ဦးကို ဩဂုတ် ၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)





## ပျက်စီး

ဩဂုတ် ၉ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်အနောက်ဘက် ခါလ်ဒီယာမြို့ရှိ အဝေးပြေးလမ်းတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားမှုကြောင့် ပျက်စီးသွားသော ကားတစ်စီးကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

# ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

**ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၅ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။** (ယာပုံ)



**တက်ရောက်**

အစည်းအဝေးသို့ တပ်နယ်မှူးများ၊ စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့်ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ပြောကြား**

ရှေးဦးစွာ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ကြီးမှ အခြားပြည်နယ်နှင့်တိုင်းများသို့လည်းကောင်း၊ ရန်ကုန်မြို့တွင်း၌လည်းကောင်း နေ့စဉ်သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းအမှာစကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ် ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေး၊ သက်ဆိုင်ရာကဏ္ဍများအလိုက် ကြပ်မတ်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြို့ရှိတက္ကသိုလ်နှင့် ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် မော်ကွန်းထိန်းများက ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့က ကူညီ ဖြည့်ဆည်းပေးရမည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှယာဉ်လိုင်းဥက္ကဋ္ဌများကသက်ဆိုင်ရာယာဉ်လိုင်းများအလိုက် ယာဉ်မောင်းများနှင့်ယာဉ်နောက်လိုက်များ သတ်မှတ်ထားသည့် စည်းကမ်းများ လိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဖြည့်ဆည်းပေး**

ယင်းနောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ယခုအခါ ရန်ကုန်မြို့တော်အတွင်း တာဝန်ရှိသူအဆင့်ဆင့် တို့ကယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ဆိုင်ရာ ကြပ်မတ်စစ်ဆေးမှုကြောင့် ယာဉ်တိုက်ခိုက်မှု၊ ယာဉ်မတော်တဆ ဖြစ်မှုများ လျော့နည်းကျဆင်းလာသော်လည်း တချို့ယာဉ်မောင်းသူများ၏ မဆင်မခြင်မောင်းနှင်မှု၊ လိုက်နာရမည့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ချိုးဖောက်မှုများကြောင့် ယာဉ်တိုက်ခိုက်မှု၊ ယာဉ်မတော်တဆ ဖြစ်မှုများ ဖြစ်ပွားလျက်ရှိကြောင်း၊ ယာဉ်မောင်းလိုင်စင်မပါဘဲ မောင်းနှင်ခြင်း၊ အမြန်နှုန်းကန့်သတ်ချက်ထက်ကျော်၍ အန္တရာယ်ဖြစ်လောက်အောင် မောင်းနှင်ခြင်းနှင့် မထိန်းသိမ်းနိုင်လောက်အောင် မူးယစ်သောက်စား မောင်းနှင်ခြင်းတို့ကို တာဝန်ရှိသူ အဆင့်ဆင့်တို့က စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်ကြ ရန်ဖြစ်ကြောင်း၊ အနေးယာဉ်များနှင့် လမ်းဖြတ်ကူးသူ၊ လမ်းလျှောက်သူများ ကလည်း သတ်မှတ်ထားသည့် နေရာများမှသာ ဖြတ်ကူးသွားလာကြရန်နှင့် ရန်ကုန်မြို့တွင်း နေ့စဉ် ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာယာဉ်လိုင်း များက ယာဉ်မောင်းများနှင့်ယာဉ်နောက်လိုက်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားပြီး ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

**(သတင်းစဉ်)**

# သဲအင်းဂူ ခုနစ်ရက်တရားစခန်း ဖွင့်မည်

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီးတွင် မူလသဲအင်းဂူ ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တသီဟနှင့် ဦးပညာသဒ္ဓိ(ပုသိမ်) အရှင်သူမြတ် နှစ်ပါးတို့က ဩဂုတ် ၂၂ရက်မှ ဩဂုတ် ၂၉ ရက်ထိ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်၍ သမထ ဝိပဿနာ တရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများ ဩဂုတ် ၂၁ ရက် (စနေနေ့) ညနေ ၅ နာရီ အရောက်လာကြရန်နှင့် မှတ်ပုံတင်ကတ်များနှင့်အတူ စာရင်းသွင်းနိုင်ပြီး အရဟတ်ဆွမ်း၊ နေ့ဆွမ်းများလည်း လှူဒါန်း နိုင်ကြောင်း သိရသည်။

(က-ပ)

# တရားတော်များ ဟောကြားမည်

**ရန်ကုန် ဩဂုတ် ၁၄**

ဘဒ္ဒန္တသုဒ္ဒရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မိုးကုတ်ဝိပဿနာ သာသနာပြုဆရာတော်သည် မန္တလေးမြို့ အနောက်ပြင် ၁၉ လမ်း၊ ရွှေပြည်ကြီးမော်ရုံတွင် ဝါခေါင်လဆန်း ၁ ရက် ညမှ ၇ ရက်ညအထိ တစ်ရက်လျှင်ညတစ်ပွဲ၊ နံနက်တစ်ပွဲ နေ့စဉ်ကျေးဇူးရှင်မိုးကုတ် ဆရာတော်ကြီး၏ဥပနိဿယအတိုင်းတရားတော်များ ဟောကြားမည်ဖြစ်သည်။

**(က-ပ)**

# မွန်ပြည်နယ်ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် မော်လမြိုင်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်မှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၄

**မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် ဇူလိုင် ၂၉ ရက် မွန်းလွဲပိုင်းတွင် မော်လမြိုင်တက္ကသိုလ်သို့ ရောက်ရှိလာရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီးဦးသော်က၊ မော်လမြိုင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးမြသိန်းနှင့် တာဝန်ရှိသူများကကြိုဆိုကြသည်။**

ထို့နောက် တိုင်းမှူးသည် မော်လမြိုင်တက္ကသိုလ် ပင်မဆောင်ရှေ့ ၂၄ပေအကျယ် လမ်းချဲ့ခြင်းနှင့် အပိုင်းလိုက်ပြုလုပ်ခြင်း လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် မွန်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ ဆောက်လုပ်လျက်ရှိသည့် မော်လမြိုင်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသော်ကနှင့် ခရိုင်အင်ဂျင်နီယာမှူး ဦးဝင်းတင်တို့က ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးက လိုအပ်သည်များမှာကြားကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# မြောက်ဥက္ကလာပမြို့နယ်စက်မှုဇုန်များတာဝန်ခံ ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် လုပ်ငန်းရှင်များအား တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် စက်မှုဇုန်များ တာဝန်ခံ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် စက်မှုဇုန်များအတွင်းရှိ စက်မှုဇုန်လုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ စက်မှုဇုန် ကွပ်ကဲမှုရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်၊ တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုး၊ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရိုန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်၊စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီနှင့် စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ စက်မှုဇုန် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**လိုအပ်ချက်များတင်ပြ**

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရိုန်က စက်မှုဇုန်များနှင့် ပတ်သက်၍ လည်းကောင်း၊ မြောက်ဥက္ကလာပ စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌနှင့် ရွှေပေါက်ကံစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌတို့က စက်မှုဇုန်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး စက်မှုဇုန် လုပ်ငန်းရှင်များက လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် မြောက်ဥက္ကလာပမြို့နယ် စက်မှုဇုန်များတာဝန်ခံ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်က နိဂုံးချုပ် အမှာစကား ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

အခမ်းအနားအပြီးတွင် ဝန်ကြီးသည် ရွှေပေါက်ကံ စက်မှုဇုန်မှ ထုတ်လုပ်သော ရွှေမြန်မာ Pickups (Extra Cap)မော်တော်ယာဉ် ထုတ်လုပ်ပြီးစီးမှု အခြေအနေ၊ ရွှေအေးသံမဏိ အရည်ကျိုစက်ရုံနှင့် Forward လယ်ယာသုံး စက်မှုကုန်ထုတ်လုပ်ငန်းက ထုတ်လုပ်သည့် လယ်ယာသုံး စက်ကိရိယာများ၊ အပိုပစ္စည်းများ ထုတ်လုပ်ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

**(သတင်းစဉ်)**

# ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် မြို့နယ်အဆင့် တာဝန်ရှိသူများ၏ ရိုးသား၊ ကြိုးစား၊ စေတနာကောင်းထားမှုပေါ်တည်...
# စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်မြင့်မားအောင် မပြတ်တီထွင်ကြံဆကြိုးပမ်...

**ကြည့်ရှုစစ်ဆေး**

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဩဂုတ် ၁၃ ရက်က သရက်မြို့ ဘိလပ်မြေစက်ရုံလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

▲ ရှေ့ဖုံးမှ

ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အောင်လံမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံအုပ် ဒေါက်တာမောင်မောင်ယုနှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

**မေးမြန်းဖြည့်ဆည်းပေး**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံအတွက် လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အောင်လံမြို့ အောင်မြေရွှေဝါခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်အောင်က မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ မြေသယံဇာတနှင့် ရေသယံဇာတ အခြေအနေ၊ စိုက်ပျိုးရေ ပိုမိုရရှိရေး ဆောင်ရွက်ထားမှု၊ ၂၀၀၃-၂၀၀၄ခုနှစ် မိုးစပါး၊ နွေစပါးစိုက်ပျိုးနိုင်မှု၊ ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါး၊ နွေစပါးစိုက်ပျိုးရန် လျာထားချက်၊ ဒေသဝမ်းစာနှင့် ဒေသဆီဖူလုံမှုအခြေအနေ၊ အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးရန် လျာထားချက်၊ စိုက်ပျိုးပြီးစီးမှုနှင့် ထွက်ရှိမှု၊ ပန်းတိုင်အထွက်နှုန်းရရှိရန် စီမံဆောင်ရွက်နေမှု၊ မွေးမြူရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အောင်လံမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

**အမှာစကားပြောကြား**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောလုပ်ငန်း၊ စည်ပင်သာယာရေးလုပ်ငန်း၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း အပါအဝင် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများနှင့် သိလိုသော အချက်များကို မေးမြန်းစိစစ်ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် အောင်လံမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ပံ့ပိုးပေးမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် မိမိနှင့်အဖွဲ့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

ရောက်ရောက်ချင်းပင် အောင်လံမြို့ ပြည်သူ့ဆေးရုံကြီးသို့ ဝင်ရောက်စစ်ဆေးကြည့်ရှုပြီး ပြည်သူများ၏ ကျန်းမာရေး တိုးမြှင့်စောင့်ရှောက်ပေးနိုင်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

**အကျိုးရလဒ်ကောင်း**

အောင်လံမြို့ ပြည်သူ့ဆေးရုံကြီးမှာ အခြားမြို့နယ်ဆေးရုံများကဲ့သို့ ၂၅ ခုတင်ဆံ့မဟုတ်ဘဲ ခုတင် ၅၀ ဆံ့ဆေးရုံကြီးဖြစ်ရာ နိုင်ငံတော်က ထူးထူးခြားခြား ဖန်တီးပေးထားသော ကျန်းမာရေးဆိုင်ရာ အကျိုးရလဒ်ကောင်း တစ်ခုပင်ဖြစ်ကြောင်း။

သို့ဖြစ်၍ ကျန်းမာရေးကဏ္ဍမှ တာဝန်ရှိသူများကလည်း နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးထားသည့် အကျိုးရလဒ်ကောင်းများကို တန်ဖိုးရှိရှိ ထိုက်တန်စွာအသုံးချပြီး မိမိတို့ဆေးရုံကြီးကို ပြည်သူများအားထားရသည့် ဆေးရုံကြီးအဖြစ် ရပ်တည်နိုင်အောင် စေတနာရှေ့ထားကြိုးစားကြရန်မှာကြားလိုကြောင်း။

**ပေါင်းစပ်ဆောင်ရွက်**

မိမိရပ်ရွာ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးသည် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ စီမံခန့်ခွဲမှု၊ ရိုးသား၊ ကြိုးစားမှု၊ စေတနာကောင်းထားရှိမှုတို့ အပေါ်တွင် အဓိကတည်မှီနေကြောင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအချင်းချင်းသော် လည်းကောင်း၊ ကဏ္ဍအလိုက် ဖွဲ့စည်းထားသည့် ကော်မတီအချင်းချင်းသော် လည်းကောင်း ညှိနှိုင်းပေါင်းစပ်ပြီး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြပါမှ မိမိတို့ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

အထူးသဖြင့် မိမိမြို့နယ် အဝန်းအဝိုင်းတွင် ပါဝင်သည့် ကျေးလက်ဒေသများကို ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး (၅)ရပ်နှင့်အညီ ကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်အောင် ကျေးလက်အထိဆင်းပြီး ပြည်သူများ၏ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးကြရန် မှာကြားလိုကြောင်း။

**တစ်ဦးချင်းဝင်ငွေမြင့်မား**

အောင်လံမြို့နယ်သည် စီးပွားရေးကောင်းသည့် မြို့နယ်ဖြစ်ပြီး ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေလည်း မြင့်မားသည်ကို တွေ့ရကြောင်း သို့ဖြစ်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသ၏စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်မြင့်မားစေရအောင် အမြဲမပြတ်တီထွင်ကြံဆကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ယင်းသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မား စေရအောင် မည်သည့်နည်းစနစ် မည်သို့သော အစီအမံဖြင့် ပံ့ပိုးမြှင့်တင်ပေးသွားမည်ကို မိမိတို့ ဆိုင်ရာကဏ္ဍ အလိုက် စီမံချက်များ ချမှတ်ပြီး စီမံချက်ပါအတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

**လိုအပ်ချက်များဖော်ထုတ်**

ယင်းသို့ ဒေသဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်ရာတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှု ရရှိအောင် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ စွမ်းအားကို ထိရောက်စွာ အသုံးချပြီး ပြည်သူများ၏ လိုအပ်ချက်များကို ဖော်ထုတ် ဖြည့်ဆည်းပေးကြရန်လိုကြောင်း။

ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်သူများနှင့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ စုပေါင်းအားမာန်ဖြင့် မိမိတို့ မြို့နယ်နှင့် ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်စေရအောင် တစ်စိတ်တည်း တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တွေ့ဆုံပွဲ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အောင်လံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာလာနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အောင်လံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၀၄ခုနှစ် ဩဂုတ် ၉ရက်မှ ၁၃ရက်အထိ ကျင်းပသည့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများနှင့် ကျောင်းကျန်းမာရေး သီတင်းပတ် အထိမ်းအမှတ် နံရံကပ်စာစောင် ခင်းကျင်းပြသထားမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အောင်လံမြို့ ရွာထောင် အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်ဆွေ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံကာ သင်ကြားရေးနှင့် ဝန်ထမ်းရေးရာ ကိစ္စရပ်များကို မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**သရက်မြို့ရောက်ရှိ**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အောင်လံမြို့မှ တစ်ဆင့်သရက်မြို့သို့ ရောက်ရှိကြရာ သရက်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန သရက်ဘိလပ်မြေစက်ရုံ ဧည့်ရိပ်သာသို့ ရောက်ရှိကြရာ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးရီက သရက်ဘိလပ်မြေစက်ရုံ၌ မီးသင်းဖိုလိုင်း အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃) တည်ဆောက် တပ်ဆင်ထားမှု၊ မီးထိုးဆီ ရရှိမှုနှင့် ထုတ်လုပ်နိုင်မှု၊ စက်များ အကြီးစားဖြည့်စွက် ပြင်ဆင်ထားမှု၊ ကျောက်မီးသွေးလောင်စာ အသုံးပြု ထုတ်လုပ်နိုင်ရေးအတွက် ကျောက်မီးသွေး ရရှိရေး လေ့လာထားမှု၊ သရက် ထုံးကျောက်တောင်၏ အချက်အလက်၊ ထုံးကျောက်သိုက်၏ အနေအထားနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်းက ဖြည့်... ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်ဝန်ကြီး... ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်... များကို မှာကြားပြီး သရက်... ဘိလပ်မြေစက်ရဲ့ လုပ်ငန်းခွင်... သွားရောက်၍ မီးသင်းဖိုအမှတ်... နှင့် အမှတ်(၂) လည်ပတ်နေ... လည်းကောင်း၊ ထိန်းချုပ်ခန်းကိုလ...

**မြန်မာနိုင်ငံ ပညာရေး... ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ်... အောင်မြေရွှေဝါခန်းမ၌ အ... အထက်တန်းကျောင်းအတွက်... ကွန်ပျူတာတစ်စုံတို့ကို ကျေ...**

ကောင်း၊ မြန်မာပညာရှင်... ကိုယ်တိုင် တည်ဆောက်ခဲ့... တန် ၂၀၀ ကျ မီးသင်းဖို အမှတ်... ကိုလည်းကောင်း ကြည့်ရှုစစ်ဆေး... သည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီး... ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့...

**အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၁၃ရက်က မကွေးတိုင်း အောင်လံမြို့ ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေသူများကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

* ဒေသဝမ်းစာ...
ဆောင်ရွက်...
မျိုးကောင်း...
* မြို့နယ်အဆင့်...
မျိုးကောင်းမျ...
ပံ့ပိုးပေးခြင်း...
အကောင်အ...
* ပဲအမျိုးမျိုး၊...
အရှိန်အဟုန်...
* အဓိကသီးနှံ...
ပြည့်မီစေရေး...
ကိုက်ညီသည့်...
အထည်ဖော်...

# းမှုပေါ်တည်မှီ ကြဆကြိုးပမ်း

ဗိုလ်မှူးချုပ်ကျော်ဝင်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားပြီး သရက်မြို့ ဘိလပ်မြေစက်ရုံ လုပ်ငန်းခွင်သို့ သွားရောက်၍ မီးသင်းဖိုအမှတ်(၁)နှင့် အမှတ်(၂) လည်ပတ်နေမှုကိုလည်းကောင်း၊ ထိန်းချုပ်ခန်းကိုလည်း

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၁၃ရက်က သရက်မြို့ သရက်ခရိုင်ခန်းမ၌ သရက်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သရက်ဆရာတော် ဘဒ္ဒန္တကေသရအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

### ခရိုင်ဆေးရုံကြီး

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သရက်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာတင်မိုးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းခန်းမ၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ သွားနှင့် ခံတွင်းကုသခန်း၊ ခွဲစိတ်ခန်းနှင့် လူနာဆောင်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သရက်ခရိုင်ခန်းမ၌ သရက်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ သရက်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စန်းက ခရိုင်၏တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ ခရိုင်၏ဖွဲ့စည်းထားမှု၊ မြေသယံဇာတ၊ မိုးရွာသွန်းမှု၊ ရေသယံဇာတအခြေအနေနှင့် စိုက်ပျိုးရေးရရှိရန်ဆောင်ရွက်ထားမှု၊ သရက်ခရိုင်၏ ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါးစိုက်ပျိုးရန် လျာထားချက်နှင့် စိုက်ပျိုးနိုင်မှု၊ နွေစပါးစိုက်ပျိုးရန် လျာထားချက်၊ ၂၀၀၃-၂၀၀၄ ခုနှစ် မိုးစပါး၊ နွေစပါးစိုက်ပျိုးနိုင်မှုနှင့် ထွက်ရှိမှု၊ မြို့နယ်အလိုက်ဒေသဆန်နှင့် ဆီဖူလုံမှုအခြေအနေ၊ ၂၀၀၄-၂၀၀၅ခုနှစ် အဓိကသီးနှံ ၁၀ မျိုးစိုက်ပျိုးနိုင်မှု၊ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ ခရိုင်အတွင်း စက်မှုကဏ္ဍအခြေအနေနှင့် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သရက်မြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

ဆက်လက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက သရက်ခရိုင်၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သစ်တောစိုက်ခင်းများထူထောင်ရေး၊ သစ်တောများ ထိန်းသိမ်းရေး၊ မြို့တွင်းလမ်းများ အဆင့်မြှင့်ရေး ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး အပါအဝင် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် သိလိုသည်များကို တာဝန်ရှိသူများအား မေးမြန်းဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် သရက်ခရိုင်၊ အောင်လံ၊ သရက်နှင့် မင်းလှမြို့နယ် သုံးခုသို့ ယနေ့ လှည့်လည်သွားရောက်ပြီး ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်ပံ့ပိုးဖွယ်ရာများ ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် မိမိနှင့်အဖွဲ့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

ယခုအောင်လံမြို့နှင့် သရက်မြို့တို့သို့ ရောက်ရှိခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် ပဓာနကျသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးစသည့် စီးပွားရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက်နိုင်ငံတော်က ကူညီပံ့ပိုးပေးဖွယ်ရာများ ကူညီပံ့ပိုးပေးရန် ညှိနှိုင်းစီစဉ်ပေးခဲ့ပြီးဖြစ်ကြောင်း။

### ပံ့ပိုးဆောင်ရွက်ပေးခဲ့

ထို့အပြင် ဒေသဖွံ့ဖြိုးရေးကို ရေရှည်ဖော်ဆောင်မြှင့်တင်ပေးသွားမည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ဖြစ်ထွန်းရေးအတွက်လည်း ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ကျေးလက်ဒေသအဆင့်အထိ ပံ့ပိုးစီစဉ် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် မြို့နယ်အဆင့် တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်၏ ကူညီပံ့ပိုးမှုများမှတစ်ဆင့် ပြည်သူများ အကျိုးကျေးဇူး ရရှိခံစားနိုင်စေရအောင် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

### ဒေသဝမ်းစာဖူလုံစေရေး

ဒေသဝမ်းစာ ဖူလုံစေရေးအတွက် ဆန်စပါးစိုက်ပျိုးရေး တိုးမြှင့်ဆောင်ရွက်ကြရာ၌ ဒေသနှင့်ကိုက်ညီသည့် အထွက်နှုန်းကောင်း မျိုးကောင်း မျိုးသန့်များကို ဗဟိုမှ ပံ့ပိုးပေးပြီး မြို့နယ်အဆင့် တာဝန်ခံများက တောင်သူလယ်သမားများကိုမျိုးကောင်း မျိုးသန့် ဖြန့်ဖြူးခြင်း၊ စိုက်ပျိုးရေး နည်းစနစ်များ ပံ့ပိုးပေးခြင်းစသည့် ကူညီပံ့ပိုးမှုများဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း။

မကွေးတိုင်းကို နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်စေရမည်ဟု ရည်မှန်းချက် ပေးထားသည်နှင့်အညီ ပဲအမျိုးမျိုး၊ နှမ်း၊ နေကြာစသည့် ဆီထွက်သီးနှံများကို လက်ရှိအရှိန်အဟုန်ထက် လျော့ကျမသွားစေဘဲ တိုးမြှင့်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

အဓိကသီးနှံ(၁၀)မျိုး၏ ပန်
အထွက်နှုန်း ရည်မှန်းချက် ပြည့်
အောင် မြို့နယ်အလိုက် မိမိ
သဘာဝ ရာသီဥတုနှင့် ကိုက်ညီ
စီမံချက်များ စနစ်တကျ
သတ်မှတ် အကောင်အထည်
ဆောင်ရွက်သွားကြရန် မှာကြ
ကြောင်း။

မွေးမြူရေးကဏ္ဍတွင်လည်း
အတွင်း အောင်မြင်ဖြစ်ထွန်းနို
ကြက်၊ ဝက်၊ နွား၊ ဆိတ်၊ သိုးစ
မွေးမြူရေးလုပ်ငန်းများကို မြ
အလိုက် တစ်မယ်ကောင်း စီးပွ
မွေးမြူသွားမှသာ ဒေသ၏ မွေးမြ
ကဏ္ဍ သိသာစွာ တိုးတက်မြင့်မ
မှာဖြစ်ကြောင်း။

### စံပြခြံထူထောင်

သို့ဖြစ်၍ ဒေသနှင့်ကိုက်ညီ
တစ်မယ်ကောင်းမွေးမြူရေး
ထူထောင်နိုင်အောင် ဗဟိုအ
သုတေသနပြုဖော်ထုတ်ကာမျိုးေ
မျိုးသန့်များ ဖြန့်ဖြူးပေးနိုင်
စီစဉ်ဆောင်ရွက်ကြရမှာဖြစ်ကြေ

မြို့နယ်အဆင့်ကလည်း စံပြ
ရေးခြံ ထူထောင်ပြီး မျိုးပွား
ဒေသခံပြည်သူများကို စီးပွ
မွေးမြူရေးလုပ်ငန်းများ ဆော
နိုင်လာစေရအောင် မျိုးကောင်းမျိ
ဖြန့်ဖြူးခြင်း၊ မွေးမြူရေး နည်
များ ဖြန့်ဝေခြင်း၊ ရောဂါကာကွ
အစီအမံများ ဆောင်ရွက်ပေ
တို့ဖြင့် စနစ်တကျအားပေးဆော
သွားရမှာဖြစ်ကြောင်း။

**စာမျက်နှာ ၁၀ ကော်လံ ၁**



**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၁၃ရက်က မကွေးတိုင်း အောင်လံမြို့ အောင်မြေရွှေဝါခန်းမ၌ အောင်လံမြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။**
(သတင်းစဉ်)

ကောင်း၊ မြန်မာပညာရှင်များ ကိုယ်တိုင် တည်ဆောက်ခဲ့သည့် တန် ၂၀၀ ကျ မီးသင်းဖို အမှတ်(၃)ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သရက်မြို့ အောင်မင်္ဂလာကျောင်းတိုက်သို့ သွားရောက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တ ကေသရအား ဖူးမြော် ကြည်ညိုကြပြီး နိုင်ငံတော်

**မကွေးမြို့ ပညာအလင်း ခေတ်မီစာကြည့်တိုက် (e-Library)ကို တွေ့ရစဉ်။**
(သတင်းစဉ်)

* ဒေသဝမ်းစာ ဖူလုံစေရေးအတွက် ဆန်စပါးစိုက်ပျိုးရေး တိုးမြှင့်ဆောင်ရွက်ကြရာ၌ ဒေသနှင့်ကိုက်ညီသည့် အထွက်နှုန်းကောင်း မျိုးကောင်း မျိုးသန့်များကို ဗဟိုမှ ပံ့ပိုးပေး။
* မြို့နယ်အဆင့် တာဝန်ခံများက တောင်သူလယ်သမားများကို မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးခြင်း၊ စိုက်ပျိုးရေး နည်းစနစ်များ ပံ့ပိုးပေးခြင်းစသည့် ကူညီပံ့ပိုးမှုများဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော်။
* ပဲအမျိုးမျိုး၊ နှမ်း၊ နေကြာ စသည့် ဆီထွက်သီးနှံများကို လက်ရှိအရှိန်အဟုန်ထက် လျော့ကျမသွားစေဘဲ တိုးမြှင့်ဆောင်ရွက်။
* အဓိကသီးနှံ (၁၀) မျိုး၏ ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်ပြည့်မီစေရအောင် မြို့နယ်အလိုက် မိမိရေမြေသဘာဝရာသီဥတုနှင့် ကိုက်ညီသည့် စီမံချက်များ စနစ်တကျ ရေးဆွဲသတ်မှတ် အကောင်အထည်ဖော်။

● စာမျက်နှာ ၉ မှ

သစ်တောကဏ္ဍနှင့်ပတ်သက်၍လည်း ဒေသ၏ ရာသီဥတုနှင့် မြေအစိုဓာတ်ကို ထိန်းသိမ်းပေးထားသည့် သစ်တောကြီးများ ရေရှည်တည်တံ့စေရေးအတွက် မူလရှိပြီး သစ်တောကြိုးဝိုင်းများ၊ ကြိုးပြင်ကာကွယ်တောများကို ရှိသင့်ရှိအပ်သည့် အင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံစေရအောင် စီမံချက်များ ချမှတ်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မြို့နယ်တာဝန်ရှိသူများ အနေဖြင့် အဓိကအားဖြင့် ကျေးလက်ဒေသများ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကိုပါ ပီပီပြင်ပြင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုကြောင်း။

ရည်မှန်းချက်ဖြင့် ဌာနအချင်းချင်း အပြန်အလှန် ကူညီပံ့ပိုး ပူးပေါင်းဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

ဌာနဆိုင်ရာများအားလုံးက သူ့တာကိုယ့်တာမခွဲခြားဘဲစုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းဆောင်ရွက်မှု၊ စုပေါင်းတာဝန်ယူမှုတို့ဖြင့် ညှိနှိုင်းပေါင်းစပ်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**လက်တွဲကြိုးပမ်း**

စုပေါင်းဆောင်ရွက်မှုဖြင့် မိမိတို့၏ အုပ်ချုပ်ရေးယန္တရားကို အစဉ်အမြဲ သွက်လက်ထက်မြက်စေပြီး ပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင် အသင်းအဖွဲ့များ၏အားတို့ကို ညီညွတ်စွာ ပေါင်းစည်းပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၁၃ ရက်က မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်း၏ မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားတွင် မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မင်းလှမြို့သို့ ရောက်ရှိကြရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မင်းလှမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာဆောင်၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာ ညိုညိုဦးနှင့် တာဝန်ရှိသူများက လိုက်လံပြသရှင်းလင်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**မာလ်တီမီဒီယာခန်းဖွင့်**

ထို့နောက် မင်းလှမြို့ အခြေခံပညာ အထက်တန်းကျောင်း၏ မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို အဆိုပါကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကျောင်းအုပ်ဆရာကြီး ဦးမောင်ကြိုင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ အောင်မြင့်တို့က မင်းလှမြို့ အခြေခံပညာ အထက်တန်းကျောင်း၏ မာလ်တီမီဒီယာ စာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Language Lab၊ Computer Application Room၊ e-Learning Centre၊ Printed Media၊ ရသပန်းချီ၊ ရသ အနုလက်မှု၊ ရသအိမ်တွင်းမှုခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✻

**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဩဂုတ် ၁၃ ရက်က မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်း မင်းလက်ဝါးခန်းမ၌ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဩဂုတ် ၁၃ရက်က မကွေးမြို့ ပညာအလင်း ခေတ်မီစာကြည့်တိုက်၌ ဖွင့်လှစ်ထားသော ကွန်ပျူတာ အခြေခံသင်တန်းတွင် ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

**တာဝန်သတ်မှတ်ပေးထား**

နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာများသည် ကျေးလက်ဒေသများအပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေး၊ ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် တာဝန်ရှိကြသလို ဌာနအလိုက်လည်း ရည်မှန်းချက် တာဝန်ကိုယ်စီ သတ်မှတ်ပေးထားပြီး ဖြစ်ကြောင်း။

ထို့ကြောင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက မိမိတို့၏ ရည်မှန်းချက် တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရင်း ပြည်သူများအကျိုး ဖော်ဆောင်ပေးရေးဟူသည့် တူညီသော ဆောင်ရွက်မှုအားတို့ကို စည်းရုံးရယူလျက် ဒေသဖွံ့ဖြိုးရေးအတွက် ညီညီညွတ်ညွတ် လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ပြည်သူများအကျိုးကို ဖော်ဆောင်ပေးပြီး ပြည်သူများကို အထောက်အကူပြု ပံ့ပိုးပေးခြင်းအားဖြင့် ပြည်သူများ၏ ယုံကြည်ကိုးစားမှုကို ရရှိလာသည်နှင့်အမျှ ဌာနဆိုင်ရာများနှင့် ပြည်သူများ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန် အကျိုးဖြစ်ထွန်းမှုတို့ ခိုင်ခိုင်မာမာ ဖြစ်ထွန်းလာစေရအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

သို့ဖြစ်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းစေရေးတို့အတွက် ဌာနဆိုင်ရာ၏အား၊ ပြည်သူများ၏အား၊ လူမှုရေး

## ဆက်ကပ်လှူဒါန်း

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၁၃ရက်က သရက်မြို့ အောင်မင်္ဂလာကျောင်းတိုက်တွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

* စာမျက်နှာ ၁၀ မှ

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဂီတရသခန်း၌ ကျောင်းသား၊ ကျောင်းသူများ၏ စွမ်းရည်ပြ တင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

### တွေ့ဆုံ

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မင်းလှမြို့ အခြေခံပညာ အထက်တန်းကျောင်း မင်းလက်ဝါးခန်းမ၌ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက မြို့နယ်၏ ဖွဲ့စည်းထားမှု၊ လူဦးရေ၊ မြေသယံဇာတ အခြေအနေ၊ အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးထားမှု၊ ၂၀၀၃-၂၀၀၄ခုနှစ် မိုးစပါး၊ နွေစပါး စိုက်ပျိုးရန် လျာထားချက်၊ စိုက်ပျိုးနိုင်မှုနှင့် ထွက်ရှိမှု၊ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်နေမှု၊ ဒေသ ဆန်နှင့်ဆီ ဖူလုံမှု၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းများအခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ အခြေအနေတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က မင်းလှမြို့ အခြေခံပညာ အထက်တန်းကျောင်းနှင့် မလွန်မြို့ အခြေခံပညာ အထက်တန်း

## ကြည့်ရှုစစ်ဆေး

**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဩဂုတ် ၁၃ရက်က သရက်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာ တစ်စုံစီတို့ကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

### အမှာစကားပြောကြား

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောလုပ်ငန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က လိုအပ်ချက်များ မေးမြန်းစိစစ်ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် ကျေးလက်ဒေသများမှအစပြုပြီး မြို့နယ်များ၊ ခရိုင်များ၊ ပြည်နယ်နှင့်တိုင်းများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေမှအစ နိုင်ငံတော်တာဝန်ရှိသူများကိုယ်တိုင် အခြေခံဒေသကျေးလက်များအထိ ကွင်းဆင်းပြီးဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားခြင်း၊ ကူညီပံ့ပိုးခြင်းများ ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

### ကြီးကြပ် ကြပ်မတ်ပေး

ယင်းသို့သော အခြေအနေအချိန်အခါကောင်းတွင် အောက်ခြေအဆင့် တာဝန်ရှိသူများက နိုင်ငံတော်၏ ကူညီပံ့ပိုးမှု၊ ညွှန်ကြားစီစဉ်ပေးမှုများ လက်တွေ့အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်သကဲ့သို့ ပြည်နယ်၊တိုင်း၊ ခရိုင်အဆင့်တို့ကလည်း ကြီးကြပ်ကြပ်မတ်ပေးရန်လိုကြောင်း။

မြို့နယ်အဆင့်တွင်လည်း မြို့နယ်ရှိ ဌာနဆိုင်ရာ အဖွဲ့အစည်းများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ စည်းလုံးညီညွတ်မှု၊ ဝီရိယနှင့်စေတနာအားထားရှိမှုတို့အပေါ် မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးသည် တည်မှီနေကြောင်း။

### ဝိုင်းဝန်းကူညီ

မိမိတို့မြို့နယ်ဖွံ့ဖြိုးတိုးတက်အောင်၊ မြို့အင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံအောင်၊ မြို့စိမ်းလန်း စိုပြည်သာယာလှပအောင် မြို့တွင်းလမ်းများ ထိန်းသိမ်းပြုပြင်မွမ်းမံခြင်း၊ သစ်ပင်ပန်းပင် အရိပ်ရပင်များ စိုက်ပျိုးခြင်း၊ မြို့တွင်းစနစ်ကျနစွာ ရေပေးဝေခြင်း စသည့် လုပ်ငန်းများကို ပင်မတာဝန်ရှိသော စည်ပင်သာယာရေးအဖွဲ့က အဓိက ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်သကဲ့သို့ အခြားသော ဌာနဆိုင်ရာ အဖွဲ့အစည်းများကလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

မြို့နယ်အတွင်းရှိ ကျေးရွာများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြို့နှင့်ကျေးလက်ဆက်စပ်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများကို ရည်မှန်းချက်ထားပြီး စနစ်တကျ ဖောက်လုပ်ပြုပြင် ထိန်းသိမ်းသွားရန် လိုကြောင်း။

ထို့အပြင် ကျေးရွာများတွင် စိုက်ပျိုးရေရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများကို စီမံချက်များချမှတ်ပြီး အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

### ပံ့ပိုးဆောင်ရွက်

ကျေးလက်ဒေသများ၏ ပညာရေးအခြေခံများ၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အခြေခံများ မြှင့်တင်ဆောင်ရွက်ပေးသလို ပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး စသော စီးပွားရေး လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် ပံ့ပိုးဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

သို့မှသာ ကျေးရွာများအားလုံး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး (၅)ရပ်၏ ရည်မှန်းချက်များနှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှသာ မြို့နယ်များ၊ ခရိုင်များ၊ ပြည်နယ်၊ တိုင်းများနှင့်တကွ ပြည်ထောင်စုကြီး တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်သဖြင့် အခြေခံဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်အရှိဆုံးဖြစ်သည့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အလေးထားစီမံ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

### ပြည်သူ့အကျိုးကိုဆောင်

ထို့ကြောင့် ဌာနဆိုင်ရာများအားလုံးက မိမိတို့သည် ပြည်သူများအား အလုပ်အကျွေးပြုရန်၊ ပံ့ပိုးကူညီပေးရန် နိုင်ငံတော်က ဖွဲ့စည်းထူထောင်ပေးထားခြင်းဖြစ်သည်ကို သိမြင်နားလည်ပြီး ပြည်သူ့အကျိုးကို ဆောင်ခြင်းအားဖြင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုရရှိပြီး မိမိတို့၏ ဌာနဆိုင်ရာ လုပ်ငန်းများလည်းအောင်မြင်ဖြစ်ထွန်းမှာဖြစ်ကြောင်း။

သို့ဖြစ်၍ ပြည်သူနှင့် ပူးပေါင်းလျက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုဆောင်ရွက်သွားရန်နှင့် လူမှုရေးအသင်းအဖွဲ့များ၏ စွမ်းအား၊ မိမိတို့ဌာနဆိုင်ရာများ၏ စွမ်းအားတို့ကို ဟန်ချက်ညီညီ ပေါင်းစပ်ပြီး မိမိတို့မြို့နယ် ဘက်စုံကဏ္ဍစုံတွင် ဖွံ့ ဖြိုးတိုးတက်စေရအောင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### စုပေါင်းဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင် အဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

### တက်ရောက်ချီးမြှင့်

ဆက်လက်၍ မကွေးမြို့ ပညာအလင်းခေတ်မီစာကြည့်တိုက် (e-Library) ဖွင့်ပွဲအခမ်းအနားကို ညနေ ၆နာရီခွဲတွင် အဆိုပါ အဆောက်အအုံ၌ ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာအလင်းခေတ်မီစာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းတို့က မကွေးမြို့ ပညာအလင်းခေတ်မီစာကြည့်တိုက် (e-Library)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် မကွေးမြို့ ပညာအလင်းခေတ်မီ စာကြည့်တိုက် (e-Library)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် မကွေးမြို့ ပညာအလင်းခေတ်မီ စာကြည့်တိုက်၌ ဖွင့်လှစ်ထားသော ကွန်ပျူတာ အခြေခံသင်တန်း၊ (Internet)ဆက်သွယ်မှု၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု စသည့် ဝိဇ္ဇာ၊ သိပ္ပံပညာရပ်ဆိုင်ရာ စီဒီရွှမ်များနှင့် ယင်းပစ္စည်းကိရိယာများနှင့် သတင်းနှင့် ဆက်သွယ်ရေး နည်းပညာများအသုံးပြုလျက် ကျောင်းသား၊ ကျောင်းသူများ၊ ပညာရှာမှီးသူများ လေ့လာဆည်းပူးနေမှုကို ကြည့်ရှုအားပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ပင်မဆောင်တည်ဆောက်ရေး

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးတက္ကသိုလ် ပင်မဆောင်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြသည်။

ရှေ့ဦးစွာ လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ ပါမောက္ခချုပ် ဦးတင်မောင်ဦးက မကွေးတက္ကသိုလ်၏ သင်ကြားစီမံကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းခရိုင်အင်ဂျင်နီယာမှူး ဦးစန်းဝေက မကွေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမနှင့် ပင်မဆောင်တည်ဆောက်ခြင်းလုပ်ငန်းကို ဗိသုကာပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် မကွေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမနှင့် ပင်မဆောင် တည်ဆောက်ရေးလုပ်ငန်းတိုးတက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

### အမျိုးသမီးရေးရာအဖွဲ့ရုံး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံးသို့ ရောက်ရှိကြရာ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့-အဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်ထွေးနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံး အဆောက်အအုံကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ နတ်မောက်ရိပ်သာသို့ ရောက်ရှိကြသည်။

### ပေးအပ်လှူဒါန်း

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ မြသလွန်စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ နတ်မောက် ရိပ်သာသို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

# ရခိုင်ပြည်နယ်ရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

**သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော ရခိုင်ပြည်နယ်ရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသအမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အောင်မြေဘုံစံ ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ ပရိသတ်က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်များအား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော သီရိသုဓမ္မ မဏိဇောတဓရ ဦးသိန်ဝင်း-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နီ(ရွှေသံလွင်မိသားစု)က ငွေကျပ် သိန်း ၃၀၊ သီဟသုဓမ္မမဏိဇောတဓရ ဦးတင့်ဆန်း-ဒေါက်တာဒေါ်ဌေးဌေး ငြိမ်း မိသားစုက ငွေကျပ် ၁၀သိန်း၊ ဒေါ်ခင်ဝါဝါ (Asia Express) က ငွေကျပ် ၁၀သိန်း၊သုဓမ္မ မဏိဇောတဓရ ဦးဘိုကြီး-ဒေါ်တင်နု(ရွှေဘို)မိသားစုက ငွေကျပ် ငါးသိန်း၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးသိုင်းဝင်း-သီဟသုဓမ္မသိင်္ဂီဒေါ်ဌေးဌေးညွန့်(ဘီ၊တီ၊ဘီ ကုမ္ပဏီလီမိတက်)ကငွေကျပ်ငါးသိန်း၊ သီဟသုဓမ္မသိင်္ဂီဒေါ်တင်မြိုင်က ငွေကျပ် သုံးသိန်း၊ သမားတော်ကြီးဦးလှဌေး-ဒေါ်တင်နွယ်ဦး(မှန်ချိုဆေးတိုက်)က ငွေကျပ် သုံးသိန်း၊ သီရိသုဓမ္မမဏိဇောတဓရ ဦးဘိုကြီး-ဒေါ်သန်းသန်း (ရွှေပဒေသာ ပြည်လုံးချမ်းသာ ဆေးတိုက်)က ငွေကျပ်နှစ်သိန်း၊ သီဟသုဓမ္မ မဏိဇောတဓရ ကေအင်န် ဦးတင်ဝင်း-ဒေါ်စန်းစန်းဝင်းမိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ဦးဝင်းဆွေ-သီဟသုဓမ္မသိင်္ဂီ ဒေါက်တာရီရီလှ (ယုဝတီခင်ဦး)မိသားစု၊ ဦးအံ့မောင်-သီရိသုဓမ္မသိင်္ဂီဒေါ်တင်တင်ဝေမိသားစု၊ သီရိသုဓမ္မမဏိဇောတဓရ ဦးကျော်မင်း မိသားစု၊ ဦးရှိန်မြင့်- သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်သန်းမြင့်(ပပဝင်းရတနာမိသားစု)၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးကြည်မိသားစု၊ သီဟသုဓမ္မမဏိဇောတဓရ ဦးချူသန်း-ဒေါ်ဝင်းကြည်မိသားစုနှင့် သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင် - သီဟသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ (သမ္မတ နိဗ္ဗာန်ကုန်နှင့် သက်န်းတိုက်) မိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ မဟာသဒ္ဓမ္မဇောတိကဓဇ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)၊ ဇနီး ဒေါ်တင်တင်မြင့် မိသားစုက ငွေကျပ် ၁၁၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် တာဝန်ရှိသူများက လက်ခံကြပြီး သာသနာပြုအလှူတော်မင်္ဂလာမှတ်တမ်းတင်ဂုဏ်ပြုလွှာများကို ပြန်လည် ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံဆရာတော်ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

သဘာဝ ဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော ရခိုင်ပြည်နယ်ရှိ သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေများလှူဒါန်းလိုပါက သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင် ဖုန်း-၀၁-၆၆၅၃၈၂၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အောင်ကြည် ဖုန်း-၀၁-၆၆၅၃၆၀နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်လွင် ဖုန်း၀၁-၆၆၅၃၈၁ တို့သို့ဆက်သွယ် လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

# ဘဒ္ဒန္တ ဝေပုလ္လမဟာထေရ် ဝိဇာတမင်္ဂလာ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၄**

ပဲခူးတိုင်းအနောက်ပိုင်း ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ပဲခူးတိုင်း သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လမထေရ်မြတ်၏သက်တော်(၆၁)နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာ အခမ်းအနားကို ဩဂုတ် ၃၀ရက်(တနင်္လာနေ့) နံနက် ၅နာရီခွဲတွင် ကျင်းပမည်ဖြစ်ပြီး ပင့်သံဃာ ၁၀၈ပါးတို့အား အရုဏ်မုန့်ဆွမ်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

ဆက်လက်၍ နံနက် ၆နာရီတွင် သက်တော်ရှည်ဆရာတော်ကြီးငါးပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ပူဇော်ကန်တော့၍ နံနက် ၇နာရီခွဲတွင် သိမ်ဝင်ခြင်းနှင့် နံနက်၈နာရီတွင် သိမ်ထွက်ခြင်း မင်္ဂလာများပြုလုပ်ပြီး နံနက် ၈နာရီခွဲတွင် ဝိဇာတမွေးနေ့ မင်္ဂလာအခမ်းအနားကို စိန္တာမယသိဒ္ဓိဗိမာန်တော်ကြီး၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမများကြွရောက်ဖူးမြော် ကြည်ညိုနိုင်ကြောင်း သိရသည်။ (က-ပ)

# သာသနာ့ဗိမာန်ရိပ်သာ (အင်းစိန်) ဝါတွင်း ၁၀ရက်တရားစခန်း ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၄**

အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မဟာသုခိတာလမ်းရှိ မဟာစည်ဩဝါဒခံ သာသနာ့ဗိမာန်ရိပ်သာတွင် သာသနာ့ဗိမာန်ရိပ်သာ ပဓာနနာယကနှင့် မဟာစည်နာယက ဆရာတော် ဘဒ္ဒန္တ ဝါယာမာဝုဓ(မဟာကမ္မဋ္ဌာနာစရိယ)သည် စက်တင်ဘာ ၁၀ရက်မှ ၁၉ရက်အထိ ၁၀ရက်တိုင် မဟာသတိပဋ္ဌာန် ဝိပဿနာတရားများကို ဟောကြားပြသမည် ဖြစ်သည်။ တရားဝင်မည့် ယောဂီများသည် ညနေ ၅နာရီ အရောက်လာရောက်ကြရန်နှင့် ကုသိုလ်ပြု လှူဒါန်းလိုသူများသည် သာသနာ့နုဂ္ဂဟအဖွဲ့ သာသနာ့ဗိမာန်ရိပ်သာ ဖုန်း-၆၄၁၃၂၄သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

# ပြင်ဦးလွင် ဗဟိုမီးသတ်သင်တန်းကျောင်း သင်တန်းများဆင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ဩဂုတ် ၁၂ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ပေါ်ရှိ တမ္ပဝတီ မီးသတ်စခန်း၊ ဒေးဝန်းအနောက် မီးသတ်စခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ကျောက်ဆစ်မီးသတ်စခန်း၌ ကျင်းပသော အသက်ရှုကိရိယာအသုံးပြုနည်း သင်တန်းဆင်းပွဲသို့ တက်ရောက်၍ သင်တန်းသားများ၏ သရုပ်ပြမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဩဂုတ် ၁၃ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင် ဗဟိုမီးသတ်သင်တန်းကျောင်း၌ ကျင်းပသော ဆေးတပ်စု သင်တန်းအမှတ်စဉ်(၂/၂၀၀၄)၊စိုက်ပျိုးရေးသင်တန်းအမှတ်စဉ်(၂၄/၂၀၀၄)နှင့် အမျိုးသမီးအခြေခံ မီးသတ်သင်တန်း အမှတ်စဉ်(၁၄/၂၀၀၄)တို့၏ သင်တန်းဆင်းပွဲများသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်သင်တန်းသား၊ သင်တန်းသူများအား ဆုများ ချီးမြှင့်သည်။ ထို့နောက် ဆေးတပ်စု သင်တန်း သင်တန်းတာဝန်ခံနှင့် နည်းပြများအား ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီးက ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။

ယင်းနောက် ကျောင်းအတွင်း သဘာဝရေထွက်မှ ရေရရှိအောင် ဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးပင်များအတွက် ရေလုံလောက်စွာ ဖြန့်ဝေမှုနှင့် စိုက်ခင်းများ၏ အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

# ၂၀၀၄ခုနှစ် (၁၂)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် ဩဂုတ် ၁၄**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၄ခုနှစ် (၁၂)ကြိမ်မြောက် နိကာယ်စာမေးပွဲကိုတစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန ၆၄ဌာနတို့၌ ၇-၆-၂၀၀၄ရက်မှ ၁၁-၆-၂၀၀၄ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပခဲ့သည်။

(၁၂)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်းအပြည့်အစုံကို နိကာယ်စာမေးပွဲ စာဖြေဌာနရှိရာ မြို့နယ်သံဃနာယကအဖွဲ့များနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ ကြည့်ရှုနိုင်ကြသည်။ (သတင်းစဉ်)

# မန္တလေးမိုး

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း (၆၀) ဖြစ်သည်။**

# အမှာစကားပြောကြား

**မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဩဂုတ် ၁၃ရက်က ဗဟိုမီးသတ် သင်တန်းကျောင်း၌ ပြုလုပ်သော ဆေးတပ်စုသင်တန်း၊ စိုက်ပျိုးရေးသင်တန်း၊ အမျိုးသမီး အခြေခံ မီးသတ်သင်တန်းဆင်းပွဲများတွင် အမှာစကားပြောကြားစဉ်။** (မီးသတ်ဦးစီး)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

## ၁၅-၈-၂၀၀၄ (တနင်္ဂနွေနေ့ )

## ၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလကွယ် (ဥပုသ်နေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်** |
| ၇း၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၅ | ၅။ | ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ |
| ၈း၀၅ | ၆။ | အဆိုပြိုင်ပွဲ |
| ၈း၁၅ | ၇။ | ရွှေလီတံတား |
| ၈း၃၀ | ၈။ | International News. |
| ၈း၄၅ | ၉။ | Island of Dhamma. |
| ၈း၅၀ | ၁၀။ | **ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) ဒုတိယ ဥက္ကဋ္ဌ ဆရာတော်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ယောသိတာရာမတိုက်၊ ထားဝယ်မြို့ထံမှ နဝင်္ဂဥပေါသထ သီလ ခံယူဆောက်တည်ခြင်း** |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ | ၃။ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ် |
| ၁၁း၄၀ | ၄။ | **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာချစ်ပန်း (အပိုင်း-၁၈)** |
| ၁၂း၂၀ | ၅။ | လားရှိုးခရိုင် နမ့်ပေါင်ကျေးရွာ ဆင်းရွှေလီစပါးစိုက်ပျိုးခြင်း |
| ၁၂း၃၅ | ၆။ | **မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်မိလေသောကြောင့်" (လူမင်း၊ ကြည်လဲ့လဲ့ဦး၊ နှင်းဝတ်ရည်သောင်း) (ဒါရိုက်တာ-မျိုးထူး)** |
| ၂း၃၀ | ၇။ | ဖောင်းကတောရေလှောင်တမံ |
| ၂း၄၅ | ၈။ | International News. |
| ၃း၀၀ | ၉။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊စစ်သည်တေး |
| ၄း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၄း၃၀ | ၃။ | အမှတ်(၃) အခြေခံပညာဦးစီးဌာန (၂၀၀၃-၂၀၀၄ခုနှစ်) ပညာရေးစုံညီပွဲတော်(ဗဟိုအဆင့်) ပဋ္ဌာန်းရွတ်ဆိုပြိုင်ပွဲ (ဒုတိယဆု) (အထက-၁၊ဒဂုံ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့) |
| ၅း၀၀ | ၄။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရုက္ခဗေဒ အထူးပြု) (ရုက္ခဗေဒ) |
| ၅း၁၅ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၅း၃၀ | ၆။ | တေးဂီတအစီအစဉ် |
| ၅း၄၅ | ၇။ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၆း၃၀ | ၈။ | ညနေခင်းသတင်း |
| ၇း၀၀ | ၉။ | မိုးလေဝသအခြေအနေ |
| ၇း၀၅ | ၁၀။ | **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ကြိုးသွယ်တဲ့ လင်းပိုင်ငယ် (အပိုင်း-၆)** |
| ၇း၃၅ | ၁၁။ | စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား |
| ၇း၄၅ | ၁၂။ | ထုထည်ကြီးမား ထင်ရှားဓေန်ဓမ္မရုံ |
| ၈း၀၀ | ၁၃။ | ပြည်တွင်းသတင်း |
| | ၁၄။ | နိုင်ငံတကာသတင်းများ |
| | ၁၅။ | မိုးလေဝသအခြေအနေ |
| | ၁၆။ | **နိုင်ငံခြားဇာတ်လမ်းတွဲ နှလုံးသားထဲက တစ်ခုတည်းသော အချစ် (အပိုင်း-၁၆)** |
| | ၁၇။ | **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်** |
| | ၁၈။ | နောက်တစ်နေ့အစီအစဉ် |
| | ၁၉။ | အစီအစဉ်ပြီး၏။ |

# အာဟာရတိုက်ကျွေး

**ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှု အစီအစဉ်အရ ဩဂုတ် ၁၂ရက်က အမက(၂၂) တာမွေတွင် ဦးဇော်မင်းလွင်-ဒေါ်သီတာအောင်ခိုင်ဖူးတို့၏ သားသူငယ်တန်းမှ မောင်အောင်ထက်မြက်က ကျောင်းသား၊ ကျောင်းသူများအား နွားနို့နှင့် ပလာတာ အာဟာရ တိုက်ကျွေးစဉ်။** (က-ပ)

**ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက် ရတနာလမ်း အမှတ်(၉)နေ နှစ်ဖက်သော မိဘများအား အမှူးထား၍ ကိုညီညီလင်း-မကေသီထွန်းတို့၏ မင်္ဂလာဦး အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်သို့ ဩဂုတ် ၈ ရက်က ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

✧ **ကျောဖုံးမှ**

အေအိုင်အေ ဘော်လီဘောအသင်းကို ၂၅–၁၉မှတ်၊၂၅–၁၃မှတ်၊၂၅–၁၉မှတ် တို့ဖြင့် သုံးပွဲပြတ်အနိုင်ရရှိသွားသည်။

အဖွဲ့ချုပ်လက်ရွေးစင်အသင်းသည် ယနေ့ပွဲတွင် အသင်း၏ အမာခံကစားသမားနှစ်ဦးဖြစ်သည့် ရဲမြင့်နှင့်ကျော်စွာလင်းတို့ဒဏ်ရာကြောင့်မကစားနိုင်သော်လည်း ကျန်ကစားသမားများက အတွဲညီညီ၊ အချိတ်အဆက်မိမိ ကစားသွားနိုင်၍ ပြိုင်ဘက်အေအိုင်အေအသင်းကို ပြတ်ပြတ်သားသား အနိုင်ရရှိသွားခြင်းဖြစ်သည်။

**လေ့ကျင့်ရက်နည်း**

အေအိုင်အေအသင်းမှာ ရိုက်ချက်ချက်မပြတ်သားခြင်း၊ပထမတည်ဘောမဖမ်းနိုင်ခြင်း၊ ကစားပုံလေးနေခြင်းတို့ကြောင့် ရှုံးနိမ့်သွားခဲ့ခြင်း ဖြစ်သည်။ အေအိုင်အေအသင်းသည် ယခုလက်ရည်စမ်းပွဲ မကစားမီတွင် စုစည်းလေ့ကျင့်ရက်နည်းခဲ့ကြောင်းသိရသည်။ အဖွဲ့ချုပ် လက်ရွေးစင်အသင်းသည် ပထမပွဲငယ်အစတွင် ကစားပုံပျက်ခဲ့သော်လည်း ကျန်အချိန်များတွင် ကစားပုံ ငြိမ်လာကာ တစ်ဖက်ရိုက်ချက်ကို ပိတ်ဆို့နိုင်ပြီး ပြန်လည်ရိုက်ခုတ်နိုင်ခဲ့၍ အနိုင်ရသွားခြင်းဖြစ်သည်။

ပထမပွဲငယ်စစချင်းပင် အဖွဲ့ချုပ်လက်ရွေးစင်အသင်းက အမှတ်စယူသည်။ သို့သော် နောက်ပိုင်းတွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်းက ဦးဆောင်မှတ်များရရှိသော်လည်း ကစားပုံပျက်နေ၍ အေအိုင်အေအသင်းက အမှတ်များ အမိပြန်လိုက်နိုင်ကာ ၉–၅ မှတ်ဖြင့် ဦးဆောင်သွားသည်။ ထို့နောက်ပိုင်းတွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်းက ကစားပုံ ပြန်ငြိမ်လာ၍ အမှတ်များ ဆက်တိုက် ရယူနိုင်လာသည်။ အေအိုင်အေအသင်းမှာ ၉မှတ်အထိသာအဖွဲ့ချုပ်လက်ရွေးစင်အသင်းကို အမှတ်တူ လိုက်နိုင်ခဲ့သည်။ အဖွဲ့ချုပ်လက်ရွေးစင်အသင်းမှာ ဘယ်ခြမ်း၊ ညာခြမ်းဖြင့် နေရာစုံမှ ရိုက်ခုတ်ကာ အမှတ်များ ဆက်တိုက်ရယူနိုင်ခဲ့၍ ပထမပွဲငယ်အပြီးတွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်းက ၂၅–၁၉ မှတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲငယ်တွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်းမှ ရဲမင်းအောင်၏ရိုက်ချက်များကို အေအိုင်အေအသင်း မဆယ်မနိုင်ခဲ့ပေ။

ဒုတိယပွဲငယ်တွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်းက ၂၅–၁၃ မှတ်ဖြင့် အေအိုင်အေအသင်းကို ပြတ်ပြတ်သားသားအနိုင်ရရှိသွားသည်။ ပွဲငယ်အစတွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်းက အမှတ်များ ဆက်တိုက်ရရှိခဲ့သည်။ အထူးသဖြင့် အဖွဲ့ချုပ်လက်ရွေးစင်အသင်းမှ ကျော်ရွှေ၏ ပြင်းထန်သည့်ရိုက်ချက်များကို မထိန်းနိုင်၍ အေအိုင်အေအသင်း အမှတ်များဆက်တိုက်ပေးရခြင်းဖြစ်သည်။

**အဖွဲ့ချုပ် လက်ရွေးစင်အသင်း အလွန်ကောင်းပြီး အဆင့်ရှိရှိကစားသွားနိုင်သည်ဟု ပြောကြားသွားသူ အေအိုင်အေအသင်း နည်းပြချုပ်** Mr Calvin Wigston။

ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

**အမှတ်ပြတ်**

အေအိုင်အေအသင်းမှာ စပေးဘောများ မဝင်ခြင်း၊ ရိုက်ခုတ်ချက်များ မပြတ်သားခြင်းကြောင့် အဖွဲ့ချုပ် လက်ရွေးစင်အသင်းနှင့် အမှတ်ပြတ်နေခဲ့သည်။ အေအိုင်အေ အသင်းမှာ တစ်ချောင်းထောက် ရိုက်ချက်များ၊ မထင်မှတ်သော ရိုက်ချက်များဖြင့် အမှတ်များရသော်လည်း အဖွဲ့ချုပ်လက်ရွေးစင်အသင်းကသာ ဦးဆောင်မြဲ ဦးဆောင်ကစားနိုင်ခဲ့ပြီး ၂၅–၁၃မှတ်ဖြင့် အနိုင်ရသွားသည်။

အဖွဲ့ချုပ် လက်ရွေးစင် အသင်းမှ ရဲမင်းအောင်နှင့်ကျော်ရွှေတို့၏ ပြင်းထန်သည့် ရိုက်ချက်များ၊ ကျော်စိုးအောင်၊ တင်ဝင်းအောင်တို့၏ တစ်ချောင်းထောက် ရိုက်ချက်များဖြင့် တရစပ်အမှတ်များယူခဲ့ရာ မြန်မာပရိသတ်တို့ လက်ခုပ်ဩဘာမစဲ ဖြစ်ခဲ့ရသည်။

ပွဲငယ်ပြီးခါနီးတွင် အဖွဲ့ချုပ် လက်ရွေးစင်အသင်းက တင်ဝင်းအောင် အစား ကျော်ဇင်ဝင်းထွဋ်ကို လဲကစားသည်။

တတိယပွဲငယ်တွင် နှစ်သင်းစလုံး လူအများအပြား လဲကစားကြသည်။ အဖွဲ့ချုပ်အသင်း လူလဲသော်လည်း ကစားကွက်မိမိဖြင့် ကစားနိုင်ခဲ့သည်။ သုံးပွဲပြတ်နိုင်ရန် ပို၍ အားထည့်ကစားခဲ့သည်။ အေအိုင်အေအသင်းမှာ အမှားများနေ၍ နောက်မှသာလိုက်ကစားခဲ့ရသည်။ ပွဲအပြီးတွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်းက ၂၅–၁၉မှတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဝင်းမင်းထွန်းမှာ ယခုပွဲငယ်တွင် အသင်းအတွက် အမှတ်အများဆုံး ရယူပေးနိုင်ခဲ့သည်။

**ပြိုင်ပွဲမတိုင်မီ ယခုလိုလက်ရည်စမ်းပွဲ ကစားခွင့်ရ၍အသင်းအတွက် အကျိုးရှိပါကြောင်း ပြောကြားသွားသူ အဖွဲ့ချုပ် လက်ရွေးစင်အသင်း နည်းပြချုပ် ဦးညီညီလွင်။**

ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

အဖွဲ့ချုပ် လက်ရွေးစင်အသင်းတွင် ခင်မောင်တိုး (အသင်းခေါင်းဆောင်)၊ ကျော်ရွှေ၊ ရဲမင်းအောင်၊ တင်ဝင်းအောင်၊ ကျော်စိုးအောင်၊ ဝင်းမင်းထွန်းနှင့် လစ်ဗရို ကစားသမားအဖြစ် စောဟိန်းသူတို့ ပါဝင်ကစားခဲ့သည်။

**တွေ့ဆုံမေးမြန်း**

ပွဲအပြီးတွင် ကြေးမုံက ယနေ့ပွဲနှင့်ပတ်သက်၍ နှစ်ဖက်အသင်းမှ နည်းပြချုပ်များအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။ အဖွဲ့ချုပ်လက်ရွေးစင်အသင်းနည်းပြချုပ် ဦးညီညီလွင်က “မိမိတို့အသင်းမှာ အောက်တိုဘာလတွင် ကျင်းပမည့် (၁၈၅) စင်တီမီတာအောက်ပြိုင်ပွဲအတွက် လေ့ကျင့်နေသောအသင်းဖြစ်ကြောင်း၊ ပြိုင်ပွဲမှာ ဘရာဇီး၊ ဂျပန် စသည့် အင်အားကြီးနိုင်ငံများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်၍ ပြိုင်ပွဲမတိုင်မီ ယခုလို လက်ရည်စမ်းခွင့်ရသည့်အတွက် အသင်းအတွက် များစွာအကျိုးရှိပါကြောင်း၊ ယနေ့ပွဲတွင် မိမိတို့အသင်းကစားကွက်မိမိကစားနိုင်သော်လည်း စပေးဘောထိုးရာ၌ အားပျော့နေသေးကြောင်း၊ တစ်ဖက်အသင်းမှာ နိုင်ငံတကာပွဲ အတွေ့အကြုံနည်းသည်ဟုထင်ပါကြောင်း၊ ရိုက်ခုတ်ချက်နှင့် စပေးဘောများတွင် အားနည်းသည်ကို တွေ့ရကြောင်း၊ တတိယပွဲငယ်တွင် ကစားသမားများ အတွေ့အကြုံရအောင် လူစားလဲ ကစားခဲ့ကြောင်း၊ ပြိုင်ပွဲအတွက် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်သွားမှာဖြစ်ကြောင်း”ပြောကြားသွားသည်။

**လေ့ကျင့်ရက်**

အေအိုင်အေအသင်းနည်းပြချုပ် Mr. Calvin Wigston က ပြောကြားရာတွင် “အဖွဲ့ချုပ်လက်ရွေးစင်အသင်း ကောင်းပါကြောင်း၊ ပြိုင်ပွဲအတွက် သေချာပြင်ဆင်နေသည့် အသင်းဖြစ်သလို အဆင့်ရှိရှိလည်း ကစားနိုင်ကြောင်း၊ နံပါတ်(၇) ရဲမင်းအောင်နှင့် နံပါတ်(၈) ကျော်ရွှေတို့ကို ကြိုက်ကြောင်း၊ မိမိတို့အသင်းမှာ တက္ကသိုလ်လက်ရွေးစင်များ၊ ကလပ်အသင်းမှ ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ သဲသောင်ပြင် ဘော်လီဘောသမားခြောက်ဦး မိမိတို့အသင်းတွင် ပါဝင်လာကြောင်း၊ မိမိတို့အသင်းမှာ စုစည်းလေ့ကျင့်ရက် တစ်ပတ်သာရခဲ့ကြောင်း၊ အဖွဲ့ချုပ်လူငယ်လက်ရွေးစင်နှင့် ပွဲကျလျှင် ပို၍ အကောင်းဆုံး ကစားနိုင်မည်ဟုထင်ကြောင်း၊ ယနေ့ပွဲတွင် အားနည်းခဲ့သည့် ရိုက်ခုတ်ချက်နှင့် စပေးဘောတို့ကို ထပ်မံ လေ့ကျင့်သွားမည်ဖြစ်ကြောင်း၊ ယခုလက်ရည်စမ်းပွဲများကစားပြီးလျှင် ထိုင်းနိုင်ငံတွင် လက်ရည်စမ်းပွဲများ ဆက်လက် ကစားမည်ဖြစ်ကြောင်း” ပြောကြားသွားသည်။

**ဆက်လက်ကစားမည်**

ဩဂုတ် ၁၆ ရက် ညနေ ၃နာရီတွင် အမျိုးသား အားကစားပြိုင်ပွဲရုံ (၁) (သုဝဏ္ဏ)၌ မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ် လူငယ်လက်ရွေးစင်အသင်းနှင့် အေအိုင်အေအသင်းတို့ ချစ်ကြည်ရေးလက်ရည်စမ်းပွဲ ဆက်လက်ကစားကြမည်ဖြစ်သည်။ (ကြေးမုံ)

# မြန်မာ–ပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် ဒုတိယနေ့နှင့် တတိယနေ့ပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

Myanmar P.G.A **နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ မြန်မာ–ပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ်** Shwesaryan Open Golf Championship **ဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နေ့နံနက် ၇နာရီခွဲတွင် မန္တလေးမြို့** Shwesaryan Open Golf Resort **၌ ဆက်လက်ကျင်းပသည်။**

**ဦးဆောင်ကစား**

ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်းကစားအပြီး၌ Professional Golfers ပြိုင်ပွဲတွင် စိုးကျော်နိုင် (Pan-west)ကပင် ပထမနေ့ပြိုင်ပွဲထက်လက်စွမ်းပြပြီး သတ်မှတ်ရိုက်ချက်ထက်လေးချက်လျော့ရိုက်ကာ (၇၁+၆၈)ပေါင်း ၁၃၉ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဇော်ဇော်လတ် (Pan-West)ကလည်း ပထမနေ့ပြိုင်ပွဲထက်အစွမ်းပြပြီး သတ်မှတ်ရိုက်ချက်ထက်သုံးချက်လျော့ရိုက်ကာ (၇၃+၆၉)ပေါင်း ၁၄၂ချက်ဖြင့် ဒုတိယလိုက်၍ မင်းနိုင် (Srixon)က ပထမနေ့ပွဲထက် ပိုမိုကြိုးစားပြီး ယှဉ်ပြိုင်ကစားရာ သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ပြီး (၇၄+၆၉) ပေါင်း ၁၄၃ ချက်ဖြင့် တတိယလိုက်ကာ၊ မြင့်ရွှေ (Wilson)က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ပြီး (၇၉+၇၀)နှင့် အောင်ဝင်း (Y.C.D.C) က (၇၅+၇၄)ပေါင်း ၁၄၉ ချက်စီဖြင့် စတုတ္ထလိုက်နေကြသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် အောင်အောင်ကျော်က ပထမနေ့ ပြိုင်ပွဲထက် ခြောက်ချက်ပိုရိုက်ပြီး (၇၂+၇၈) ပေါင်း ၁၅၀ ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

သိန်းဇော်မြင့်က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်ပြီး(၈၀+၇၁) နှင့် ဌေးအောင်ဌေးက (၇၈+၇၃) ပေါင်း ၁၅၁ ချက်စီဖြင့် ဒုတိယလိုက်ကြပြီး၊ ဘိုဘိုက(၇၄+၈၀)နှင့် မောင်လတ်က (၇၃+၈၁) ပေါင်း ၁၅၄ ချက်စီဖြင့် တတိယလိုက်နေကြသည်။

**ကူညီပံ့ပိုး**

ယင်းပြိုင်ပွဲကို Tour Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte, Ltd. က ဆောင်ရွက်ပြီး Co-Sponsors များဖြစ်ကြသော Air Mandalay၊ Tiger Beer၊ Alpine Drinking Water၊ Htoo Trading၊ KM Golf Centre၊ Maruman၊ Tour Stage၊ Srixon၊ Wilson၊ Grandslam (Munsing Wear)၊ Accel International Co.,Ltd.(Canon)၊ Sedona Hotel (Mandalay)၊ Sun Far Travels & Tours တို့ကလည်း ထပ်မံ၍ ကူညီပံ့ပိုးပေးကြသည်။

**တတိယနေ့**

မြန်မာ–ပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ် Shwesaryan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့ နံနက် ၇ နာရီခွဲတွင် မန္တလေးမြို့ Shwesaryan Golf Resort ၌ ဆက်လက် ကျင်းပရာ တတိယနေ့ ၁၈ ကျင်း ကစားအပြီး၌ Professional Golfers ပြိုင်ပွဲတွင် စိုးကျော်နိုင် (Pan-West)က(၇၁+၆၈+၇၂)ပေါင်း ၂၁၁ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဇော်ဇော်လတ် (Pan-West)က သတ်မှတ် ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်ပြီး (၇၃+၆၉+၇၁)ပေါင်း ၂၁၃ချက်ဖြင့် ဒုတိယ၊ မင်းနိုင် (Srixon)က (၇၄+၆၉+၇၈)ပေါင်း ၂၂၀ချက်ဖြင့် တတိယ၊ အောင်ဝင်း (Y.C.D.C)က(၇၅+၇၄+၇၂)ပေါင်း ၂၂၁ချက်ဖြင့် စတုတ္ထလိုက်နေသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် မျိုးမင်းအောင်က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်ပြီး (၈၁+၇၄+၇၁)နှင့် အောင်အောင်ကျော်က (၇၂+၇၈+၇၆)ပေါင်း ၂၂၆ချက်စီဖြင့် ပူးတွဲ ဦးဆောင်ကစားလျက်ရှိသည်။

နိုင်နိုင်လင်းက(၇၉+၇၆+၇၂)ပေါင်း ၂၂၇ချက်ဖြင့် ဒုတိယလိုက်ပြီး ဇော်ဇင်ဝင်းက သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ပြီး (၈၁+၇၉+၆၉) ပေါင်း ၂၂၉ချက်ဖြင့် တတိယလိုက်နေသည်။

**တာဝန်ယူ**

မြန်မာ–ပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် Shwesaryan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

**ဆက်လက်ကျင်းပမည်**

စတုတ္ထနေ့ ၁၈ကျင်း ပြိုင်ပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၇ နာရီခွဲတွင် ယင်းဂေါက်ကွင်း၌ ဆက်လက် ကျင်းပမည် ဖြစ်သည်။

(သတင်းစဉ်)

**ယှဉ်ပြိုင်**

**မြန်မာ–ပြည်တွင်း ပတ်လည် ဂေါက် သီး ရိုက်ပြိုင်ပွဲပထမပွဲစဉ်** Shwesaryan Open Golf Champion Ship **ပြိုင်ပွဲတွင်** Professional Golfer **ဇော်ပိုင်ဦး ယှဉ်ပြိုင်စဉ်။**

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

# အာဆီယံကျွမ်းကျင်သူများလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၄**

တတိယအကြိမ်မြောက် မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသည့် သစ်ပင်၊ ပန်းမန်နှင့် တိရစ္ဆာန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ အာဆီယံကျွမ်းကျင်သူများ လုပ်ငန်းအဖွဲ့အစည်းအဝေးကို ဩဂုတ်၁၇ရက်မှ၁၉ရက်အထိ ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည် ဖြစ်သည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၅–၈–၂၀၀၄ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတ တရားတော် ရုပ်နာမ်ခွဲ၊ပညတ်ပရမတ်ခွဲ**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၄:၃၀** ၅။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** Measures of Dispersion (ပြည်သူ့ရေးရာ)
- **၅:၀၀** ၆။ အမေးကမ္ဘာတွေးစရာ
- **၆:၀၀** ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၈။ နိုင်ငံတကာသတင်း
- **၆:၂၀** ၉။ မိုးလေဝသသတင်း
- **၆:၂၅** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၁။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရတနာရွှေအိုး (အပိုင်း–၂၅)**
- **၈:၀၀** ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၁၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
  - ၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
  - ၁၉။ **English Premier League ဘောလုံးပွဲ Chelsea & Manchester United**
  - ၂၀။ သင့်အတွက်မနက်ဖြန်
  - ၂၁။ အပိတ်နှုတ်ဆက်စကား
  - ၂၂။ ပြီးပါပြီ။

သဃ်န်းကျွန်းမြို့နယ် ၈/တောင် ရပ်ကွက် ကံ့ကော်မြိုင် သာသနာ့ရိပ်သာ စာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၈ရက်ကကျင်းပရာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသာသနအား ပစ္စည်းလေးပါး ဝေယျာဝစ္စထောက်ပံ့ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဒေါ်ခင်စောလှ(ပင်တိုင်စံ)က ဝါဆိုသင်္ကန်းကပ်လှူစဉ်။ (၂၃)

## အမည်ပြောင်းခြင်း

ဒေါက်တာဒေါ်ဝင်းဝင်းချို [၉/ညဥန(နိုင်)၀၀၃၅၆၁] အား ဒေါက်တာဒေါ်ထက်သီဂီလင်းဟုလည်းကောင်း၊ မောင်ဝင်းထွန်းသောင်း [၉/ညဥန(နိုင်)၀၀၀၃၄၂] အား မောင်ရဲရင့်လှိုင်လင်းဟု လည်းကောင်း၊ မောင်နေထွန်းသောင်း [၉/ညဥန(နိုင်)၁၁၂၇၄၅] အား မောင်နေထွန်းသောင်းကျော်ဟု လည်းကောင်း ပြောင်းလဲခေါ်ကြပါရန်။

## အသစ်ဖွင့်လှစ်မည့် အလုပြင်ဆိုင်တွင် ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

| | | | |
|---|---|---|---|
| လက်ထောက်မန်နေဂျာ | (မ) | – | ၁ ဦး |
| ဒည့်ကြို | | – | ၁ ဦး |
| စာရင်းကိုင် | (မ) | – | ၁ ဦး |
| ဆံပင်ညှပ်ကျွမ်းကျင်သူ | (မ) | – | ၂ ဦး |
| လျှော်/သစ်ကျွမ်းကျင်သူ | (မ) | – | ၅ ဦး |
| အလုပ်သင် | (မ) | – | ၃ ဦး |

လုပ်ငန်းကျွမ်းကျင်သူ ဦးစားပေးမည်။ (အလုပ်သမားမှတ်ပုံတင်မိတ္တူ ပါရှိရမည်။)

**ဆက်သွယ်ရန် – အမှတ် ၅၆ (စီ)၊ ဗညားဒလလမ်း၊ သိမ်ဖြူတင်းနစ်ကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း– ၂၉၀၇၇၄၊ ၀၉–၉၉–၂၁၄၁၇။**


The VOICE Weekly သတင်းဂျာနယ်

ယူကြိုး

ရောင်းရန်ရှိသည်

ပြင်ဆင်ကြော်ငြာ

A MEMBER OF PARAMI GROUP CO., LTD.
A MEMBER OF PARAMI BUSINESS GROUP CO., LTD.

ထွက်ရှိ

INFORMATIOS COMPUTER CENTRES

Basic Information Technology
Office XP, Desktop Publishing
PC Upgrade & Maintenance
Programming Courses: C & C++, VB, Java
Auto CAD
Graphic Design
Web Design
ACCPAC & UBS


## ကားရောင်းမည်

Suzuki Super Carry
၄ခ/ကိုးထောင်ကျော်၊ ၂၃၇၊ ၃ထပ်(ဘယ်)၊ လမ်း(၄၀)၊ ရန်ကုန်။ **(ပွဲစားမလို)**


295274
293294

STAR LIGHT
Ph: 534457

မြသက်ချယ်
TRAVELS & TOURS
PH: 293294 , 295274

Excel Shopping Mall
Amazing Moonsoon Sales
အထူးအခွင့်အရေးအံ့ဖွယ်
မိုးရာသီ ဈေးရောင်းပွဲတော်
၁၄.၈.၀၄ မှ ၁၈.၉.၀၄
ဈေးရောင်းပွဲတော်ကို နံနက် ( 9:00 ) နာရီမှ ည ( 9:00 ) နာရီထိ
Excel Shopping Mall တွင်ကျင်းပနေပါပြီ။
Shopping Mall ရှိ မည်သည့်ဆိုင်တွင်မဆို (5000)ကျပ်နှင့်အထက်
ဝယ်ယူအားပေးကြသော မိတ်ဆွေများကိုကံစမ်းမဲ Coupon များ
ပေးနေပါပြီ ။
ကံစမ်းမဲဆုများ - ပထမ၊ ဒုတိယ၊ တတိယ အပါအဝင် ဆုမဲပေါင်း
မြောက်မြားစွာဖြင့်. . . . . . . .
ဆက်ဆက်လာရောက် အားပေးကြပါရန် Excel Shopping Mall
မိသားစုမှ နွေးထွေးလှိုက်လှဲစွာဖြင့် ကြိုဆိုဖိတ်ခေါ်ပါသည်။
ကံစမ်းမဲဖွင့်ပွဲ အခမ်းအနားကို( 19.9.2004 )နေ့တွင် မဟာမိုးကြွင်(T&M)
အဖွဲ့နှင့် ကျင်းပပါမည်။
Excel Shopping Mall - အမှတ် (၅၂၀) ကမ္ဘာအေးဘုရားလမ်း၊
ရွှေပုံတိုင်စီးပွားရေး … ရန်ကုန်။

ဖိုမိ ပြည်သူ့ မြတ်ကာ အထူးထူး
မြတ်ဆုမွန် နဲ့သီဆိုကြည့်မှု
Tape,CD,VCD
AZARA
CITY FM



ကိန္နရီ ®
အဆင့်မြင့်ချည်ချောလုံချည်
"ကိန္နရီ" ချစ်သူများ သိရှိနိုင်ပါရန်
"ကိန္နရီ" အမှတ်တံဆိပ်ကို တုပ၍ဆင်တူရိုးမှားများပေါ်ပေါက်နေပါသဖြင့်
"ကိန္နရီ" ၏ ရေတွင်မည်သည့်စာသားမှ မပါရှိပါကြောင်းနှင့်
ပင်ရင်း "ကိန္နရီ" အထည်စက်၊ သဲတောမြို့မှသာ ထုတ်လုပ်သော
အထူးသတိပြု ဝယ်ယူအားပေးကြပါရန် အသိပေးကြေညာအပ်ပါသည်။
ပင်ရင်း - ကိန္နရီအထည်စက်၊ သဲတောမြို့ ။

ရွှေသမင်
ကျိုးပေါင်းရောဂါပျောက်ဆေး

CITY FM

## တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် -

(က) ၁-၁-၂၀၀၅ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၉)နှစ်ထက် မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ ပေါင် (၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ၊

(င) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒ ဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် ၈-၉-၂၀၀၄ ရက်နေ့မှ စတင်၍ အခမဲ့ ရယူပြီး ၈-၁၀-၂၀၀၄ ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ် ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံကို ပူးတွဲ တင်ပြရမည်။

၄။ သင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ ၁၆-၁၀-၂၀၀၄ ရက်နေ့တွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် (၉) နာရီ မှ (၁၁) နာရီထိ။

(ခ) **ဇီဝဗေဒ** ။ နေ့လယ် (၁) နာရီ မှ (၃) နာရီထိ။

၅။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်း ဖြစ်သည်။

၆။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းများကို တိုင်းစစ်ဌာနချုပ်များတွင် ၁၈-၁၁-၂၀၀၄ ရက်နေ့မှ ၂၁-၁၁-၂၀၀၄ ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။ အရည်အချင်းစစ် စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားသွားမည်။ ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက် စုံစမ်းမေးမြန်းနိုင်သည်။

၇။ သင်တန်းကာလတွင် လစာအဖြစ်ပထမနှစ် (၅၀၀ိ/-)၊ ဒုတိယနှစ် (၅၁၀ိ/-)၊ တတိယနှစ်(၅၂၀ိ/-) စတုတ္ထနှစ်(၅၃၀ိ/-)ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည် -

(က) သူနာပြုသိပ္ပံဘွဲ့ **B. N.Sc (Bachelor of Nursing Science)**

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ **B. Pharm (Bachelor of Pharmacy)**

(ဂ) ဆေးဘက်ပညာသည်ဘွဲ့ (ရောဂါရှာဖွေရေးပညာ) **B.P.Sc (Med. Tech) Bachelor of Paramedical Science (Medical Technology)**

(ဃ) ဆေးဘက်ပညာသည်ဘွဲ့ (ဓာတ်မှန်ရိုက်ပညာ) **B.P.Sc (Radiography) Bachelor of Paramedical Science (Radiography)**

(င) ဆေးဘက်ပညာသည်ဘွဲ့ (ကာယကုသမှုပညာ) **B.P.Sc (Physiotherapy) Bachelor of Paramedical Science (Physiotherapy)**

၈။ သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ် အမှုထမ်းဆောင်ရမည်။

## မွေးနေ့ဆုတောင်း

ချစ်သားကြီး **မောင်သုဝေဦး** (အလက-၄၊ စစ်တွေ)၏ ၁၁-၈-၂၀၀၄ ရက်မှာ ကျရောက်ခဲ့သည့် (၁၁)နှစ်မြောက်မွေးနေ့မှနောင်နှစ်ပေါင်း (၁၀၀)တိုင် အောင်မြင်သောဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်း အပ်ပါသည်။ **ချစ်ဖေဖေ -ဦးမြင့်ဌေး၊ ချစ်မေမေ-ဒေါ်မအေးလှ**
**ချစ်ညီမလေး-လုလု(ခ)မခိုင်စုချစ်**

## ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ကြော်ငြာစာအမှတ် - ၃၂/၂၀၀၄ (၂၀၀၄ခုနှစ်၊ ဩဂုတ်လ ၁၀ရက်) လျှောက်လွှာခေါ်ယူခြင်း

၁။ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

| ရာထူး | ပညာအရည်အချင်း | လစ်လပ် |
|---|---|---|
| လက်ထောက်မန်နေဂျာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ | ၄ နေရာ |

၂။ **လျှောက်ထားသူသည်-**
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၆-၉-၂၀၀၄နေ့တွင် အသက် (၃၅)နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၆-၉-၂၀၀၄နေ့ အရောက် ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅ဝိ/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ်-၁/၉၁ ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲ စာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသောစာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၆-၉-၂၀၀၄နေ့အရောက် ပေးပို့ရမည်။** လျှောက်လွှာ တစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၃၀-၁၀-၂၀၀၄နေ့နှင့် ၃၁-၁၀-၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေ စာမေးပွဲကျင်းပမည်။ ၂၈-၁၀-၂၀၀၄နေ့မှစ၍ မန္တလေးတိုင်းအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၃၇၈၁၆၃တို့သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

၉။ ဤကြော်ငြာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ Website လိပ်စာ csstb.imis.com.mmတွင်လည်း ဖော်ပြထားပါသည်။

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း

ရော်ဘာပစ္စည်းထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးရေးဌာနမှ မိုင်းခံရော်ဘာကို အခြေခံ၍ ရော်ဘာပစ္စည်းများထုတ်လုပ်ခြင်း နည်းပညာသင်တန်းအမှတ်စဉ် (၁/၂၀၀၄)ကို ၆-၉-၂၀၀၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ ၃၀-၈-၂၀၀၄ရက် နောက်ဆုံးထား၍ လာရောက် စာရင်းပေးသွင်းနိုင်ပါသည်။

**သင်တန်းကာလ** - (၆-၉-၂၀၀၄)မှ (၂၄-၉-၂၀၀၄)အထိ
**ပညာအရည်အချင်း** - (၁)ဘွဲ့ရ
- (၂)လုပ်ငန်းအတွေ့အကြုံရှိက (၁၀)တန်းအောင်

သင်တန်းသားဦးရေကန့်သတ်ထားပါသည်။

**ရော်ဘာပစ္စည်းထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာန**
**အမှတ်(၃၁)၊ ကမ္ဘာအေးစေတီလမ်း၊ နဝဒေးရုပ်ရှင်ရုံရှေ့**
**မရမ်းကုန်းမြို့နယ်။ ဖုန်း-၆၆၆၀၂၄၊ ၆၆၀၄၅၅။**

## အမည်ပြောင်းခြင်း

ဦးခင်ဇော်၏သား မောင်စည်သူဝင်းအား ယနေ့မှစ၍ မောင်ဝေမင်းဖြိုးဟု ပြောင်းလဲခေါ်ဆိုပြီး ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၂-၈၈ ဖြစ်ပါသည်။

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ဝန်ထမ်းကတ်နှင့် 4Ticket(No-41802) ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **စောဗစ်တာချစ်လေးအောင်**
**ဖုန်း-၅၈၄၂၃၀။**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး အင်ဂျင်နီယာဌာန (အခြေစိုက်အလုပ်ရုံ-၃၊ မရမ်းကုန်း)

အခြေစိုက်အလုပ်ရုံအမှတ်(၃)တွင် ဖွင့်လှစ်သော အမျိုးသား၊အမျိုးသမီး၊ အခြေခံယာဉ်မောင်းသင်တန်းကို ၆-၉-၂၀၀၄နေ့တွင် ဖွင့်လှစ်ပါမည်။ ၁၈-၈-၂၀၀၄နေ့မှစ၍ စာရင်းပေးသွင်းနိုင်ပါသည်။

အင်ဂျင်နီယာမှူးများနှင့် ဝါရင့်နည်းပြဆရာများမှသင်ကြားပေးပါသည်။ သင်မောင်းလိုင်စင်နှင့်(ခ)လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးပါသည်။

သင်တန်းသားဦးရေကန့်သတ်ထားပါသည်။

၎င်းအပြင် - အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်ထိန်းသိမ်းပြုပြင်မှုသင်တန်း၊ တွင်ခုံသင်တန်းများကို ၂-၉-၂၀၀၄နေ့တွင် စတင်ဖွင့်လှစ်ပါမည်။ အင်ဂျင်နီယာမှူးများနှင့်ဝါရင့်ပညာရှင်များမှ စာတွေ့/လက်တွေ့ကို အနီးကပ်ကြီးကြပ်သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။

**ဆက်သွယ်ရန်- ပြည်လမ်း(၈)မိုင်လမ်းဆုံနှင့်မြို့ပြင်ဟောဝန်ပန်းခြံအနီး၊**
**မရမ်းကုန်းမြို့နယ်။**
**ဖုန်း-၆၆၀၈၅၁။**

## (၅၁)နှစ်မြောက်မွေးနေ့ဆုတောင်း

၁၅-၈-၂၀၀၄ (ဒုတိယဝါဆိုလကွယ်)နေ့တွင် ကျရောက်သော ဖေဖေ **ဦးကျော်ဆွေ**၏ (၅၁)မြောက်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းဖြင့်ပြည့်စုံနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

**ဇနီး-ဒေါ်ခင်စိန်ကြည်**
**သမီးကြီး-မအိဇာဖြူဆွေ**
**သားလတ်-မောင်ချမ်းမြေ့ကျော်**
**သားငယ်-မောင်သက်ပိုင်ကျော်။**

## မွေးနေ့ဆုတောင်း

အမေရိကန်ပြည်(နယူးယောက်မြို့)နေသားလေး**မောင်မင်းသီလ**၏ ၁၅-၈-၂၀၀၄နေ့တွင် ကျရောက်သည့် တစ်နှစ်မြောက်မွေးနေ့မှသည် နောင်နှစ်ပေါင်း များစွာတိုင်အောင် ချစ်ဖေဖေ ဦးသုခအောင်၊ ချစ်မေမေ ဒေါ်စိုးစိုးသိန်းတို့နှင့်အတူ ထာဝရပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ---။

**ဘိုးဘိုး - ဦးမောင်မောင်သိန်း**
**ဘွားဘွား - ဒေါ်လီလီသိန်း**
**ကိုကို - မောင်ပိုင်စိုးသူ**
**အင္ဂမတန်း(F)**
**အထက(၁)ဒဂုံ။**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း သတင်းကြေညာချက် ရန်ကုန်မြို့၊ ၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၉)ရက် ၂၀၀၄ခုနှစ် ဇူလိုင်လ(၂၅)ရက်

၁။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်၍ ရတနာပြပွဲတွင် ကျောက်မျက်ရတနာများ တင်ပြရောင်းချလိုသူများသည် ၂၀၀၄ခုနှစ် ဩဂုတ်လ(၁)ရက်မှ စက်တင်ဘာလ(၃၀)ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ ကျောက်မျက်ရတနာများစစ်ဆေးခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်း သတ်မှတ်ခြင်းများကို ဆောင်ရွက်နိုင်ပါသည်။

၂။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများအား မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် အခက်အခဲရှိပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း(ရုံးချုပ်)ရန်ကုန်မြို့၊ ကျောက်မျက် တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ရွှေတန်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(မိုင်းရှူး/လွိုင်ဆောင်ထောက်)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးမြို့များတွင် အခြေခံပြုသည့် စခန်းရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

၃။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ ကျောက်မျက်ရတနာလုပ်ငန်းများအကျိုးအတွက် ရတနာပြပွဲများ မကျင်းပသည့် ကြားကာလများတွင် ကျောက်မျက်ရတနာများ ရောင်းဝယ်ခြင်း၊ ဆောင်ရွက်သည့် ဂျီတီစီစနစ်ဖြင့် ပုဂ္ဂလိကပိုင်ကျောက်မျက်ရတနာများ ရောင်းဝယ်ခြင်းနှင့် ပြည်ပတင်ပို့ခြင်းများကို သက်ဆိုင်ရာလုပ်ငန်း/ဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ ဂျီတီစီစနစ်ဖြင့် ကျောက်မျက်ရတနာများ ရောင်းချလိုသည့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ၂၀၀၄ခုနှစ် ဩဂုတ်လ (၁)ရက်မှ စက်တင်ဘာလ(၃၀)ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းကြေညာအပ်ပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။**

## အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

| | | |
|---|---|---|
| (၁)**အင်ဂျင်နီယာ** | **G.T.I, E.T.E.C (Civil)** | **ကျား(၂)ဦး** |
| | တိုက်ဆောက်ခြင်းအတွေ့အကြုံ(အစမှအဆုံးအထိ) (၃)နှစ်ခန့် ကျွမ်းကျင်စွာ ပါဝင်ဆောင်ရွက်ဖူးရမည်။ (အသက် ၄၀ နှစ်အောက်) | |
| (၂)ရုံးဝန်ထမ်း | ရုံးလုပ်ငန်းဆောင်ရွက်ရန် သိပ္ပံဘွဲ့နှင့် B.Econ (stats)ဘွဲ့ရ ဖြစ်ရမည်။ (အသက် ၃၅ နှစ်အောက်) | |

-အထက်ပါအလုပ်အကိုင်လျှောက်ထားသူများသည် ကျန်းမာသန်စွမ်းရမည်။
-အကျင့်စာရိတ္တကောင်းမွန်ရမည်။ (ရဲစခန်းနှင့်ရပ်ကွက်ရုံး ထောက်ခံစာပါရမည်။)
- နံနက် (၁၀:၀၀) နာရီမှ ညနေ (၄:၀၀)ရီအထိ သုံးရက်အတွင်း ဓာတ်ပုံ (၁)ပုံ၊ အလုပ် သမားမှတ်ပုံတင် မိတ္တူနှင့်အတူ ဆက်သွယ်ရန်ဖြစ်ပါသည်။
**-အမှတ် (၂၀၁)၊ ရွှေဘုံသာလမ်း၊ (ပ)ထပ် (ယာ)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၂၄၂၂၈၇၊ ၃၇၉၂၃၆**

## မသက်ဆိုင်ပါ

ကျွန်မ၏ခင်ပွန်း ဦးတင်လှ(ခ)ဦးတင့်ဆွေ[၁၂/ရကန(နိုင်)၀၆၈၄၅၀]သည် အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် နည်းမျိုးစုံပြုလုပ်ပြီး ၎င်း၏ ဆန္ဒအတိုင်း ၇-၇-၂၀၀၄ရက်တွင် နေအိမ်မှဆင်းသွားပါ၍ နောက်နောင်တွင်၎င်းနှင့် မသက်ဆိုင်တော့ပါကြောင်း။

**ဒေါ်အောင်အောင်မော်[၁၂/ရကန(နိုင်)၀၂၄၆၂၀]**

## လက်ထပ်ပြီးစီးခြင်း

Australia နိုင်ငံ Sydney မြို့နေ ဦးမောင်မောင်-ဒေါ်ဥမ္မာခင်တို့၏တူသား၊
8,Illawarra Road, Marrickville, N.S.W 2204, Sydney, Australia မြို့နေ
ဦးလှရွှေ (Sawe of Australia Pty-Ltd.)-ဒေါ်တင်တင်ရီတို့၏သားလတ်

**မောင်သန့်ဇင်ဦး(ခ)Andrew**
**(Jongiea Pty-Ltd.)**
**(Ware House Manager) Australia နှင့်**

ရန်ကုန်တိုင်း၊ သုဝဏ္ဏမြို့၊ (၂၉)ရပ်ကွက်၊ အမှတ်(၇၂)၊ သစ္စာပန်းလမ်းနေ
(တက္ကသိုလ်မျိုးမြင့်၊ ရုပ်ရှင်သရုပ်ဆောင်ဒါရိုက်တာဟောင်း)-ဒေါ်ခင်ချောဟန်
(ဗလရုပ်ရှင်ထုတ်လုပ်ရေး)တို့၏တစ်ဦးတည်းသောသမီး
မောင်ကဝိထွန်း (2/E,F.G)-Susana တို့၏ညီမ

**မနွေဝိုင်း (Final Year, Eco)**

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၁၇-၆-၂၀၀၄ရက်တွင် Australia နိုင်ငံ Sydneyမြို့၌ လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်သန့်ဇင်ဦး(ခ)Andrew-မနွေဝိုင်း။**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

[illegible]

**မောင်[illegible]**

Diplôme D'études en Langue Française (DELF) (2nd Degree)
Diploma in Law and Management, Singapore
Litigation Assistant, Wong Partnership, Singapore

နှင့်

[illegible]

**မ[illegible]**

B.A (English), Diploma in Business Studies, Australia
Diplôme D'études en Langue Française (DELF) (1st Degree)

[illegible]

## ခရုသင်းခြောက်မျိုး အထူးကုသမားတော်ကြီး ဦးကျော်ဟိုး

ဆရာကြီး ဦးကျော်ဟိုးသည် သထုံမြို့ ဘင်လှိုင်ရပ်မှ ရန်ကုန်သို့ ပြောင်းရွှေ့ပြီး မပျောက်ကင်းနိုင်သော ခရုသင်းခြောက်မျိုးနှင့် အတက်ရောဂါ၊ ဝက်ရူးပြန် ခုနစ်မျိုးတို့ကို ကုသပေးနေပြီဖြစ်ကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဝေဒနာရှင်များ သိရှိရန် ကြေညာအပ်ပါသည်။

ယခုတစ်ဖန် နေရောင်လင်းဆေးတိုက်မှ နန္ဒင်းခါး၊ ဘုမ္မရာဇာ၊ ဆင်တုံးမန္တယ်သုံးမျိုးဖြင့် သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါတို့ကို ဖိတ်ခေါ် လိုက်ပါသည်။

**ဥပုသ်နေ့ပိတ်သည်။**
**နေရောင်လင်းဆေးတိုက် အမှတ်၂၄ ၊၂၊ ဧင်ယော်လမ်း၊ ၁၄/၂ရပ်ကွက်၊ မြင်သာအိမ်ရာ(၂)၊ တ/ဥက္ကလာပ၊ ရန်ကုန်မြို့။**

## ဝယ်၊ ရောင်း၊ ငှား

ယုဇနဥယျာဉ်မြို့တော်ရှိ တိုက်ခန်းများနှင့် စစ်တောင်းရိပ်မွန် တိုက်ခန်းများ၊ ဝယ်၊ ရောင်း၊ ငှားလိုသည်။

**၁လမ်း၊ တိုက်-၂၄၊ အခန်း၀၀၃၊**
**ယုဇနဥယျာဉ်မြို့တော်။**
**Ph: 593131**

## ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)နှင့်ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၄–၂၀၀၅ပညာသင်နှစ်အတွက် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)နှင့် ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)ပထမနှစ်သင်တန်းသို့ တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်–

(က) တက္ကသိုလ်ဝင်စာမေးပွဲအား မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်ရမည်။

(ခ) ပညာသင်နှစ် စတင်သည့်နေ့၌ အသက်(၂၀)နှစ်ထက်မကျော်စေရ။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါချွတ်ယွင်းမှုမရှိစေရ။

(ဃ) အနုပညာ ဝါသနာပါသူဖြစ်ရမည်။

၂။ ယဉ်ကျေးမှုတက္ကသိုလ်တွင် သင်ကြားမည့်အထူးပြုဘာသာရပ်များမှာ–

(က) ဂီတပညာ

(ခ) သဘင်ပညာ

(ဂ) ပန်းချီပညာ

(ဃ) ပန်းပုပညာဟူ၍ အထူးပြုဘာသာရပ်(၄)ရပ်အား သင်ကြားပို့ချသွားမည်ဖြစ်ပြီး မိမိတို့သင်ယူလိုသည့် အထူးပြုဘာသာရပ်ကို မိမိတို့ဝါသနာပါသည့်အတိုင်း ဦးစားပေးလျှောက်ထားနိုင်သည်။

၃။ ယဉ်ကျေးမှုတက္ကသိုလ်တက်ရောက်ရေးအတွက် တက္ကသိုလ်ဝင်စာမေးပွဲအား ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)သို့လည်းကောင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ် စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)သို့လည်းကောင်း လျှောက်ထားတက်ရောက်ကြရမည်။

၄။ လျှောက်လွှာပုံစံများအား ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ (၂၆)ရပ်ကွက် အောင်ဇေယျလမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၌လည်းကောင်း၊ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)၊ ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း၌လည်းကောင်း၊ တစ်စုံလျှင်(၁၅၀)ကျပ်နှုန်းဖြင့် ဝယ်ယူ၍ လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်းထောက်ခံချက်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်၊ ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံချက်မူရင်းနှင့် ပတ်စပို့အရွယ်ဓာတ်ပုံ(၅)ပုံနှင့် အတူ ပူးတွဲလျက် ၂၀၀၄ခုနှစ် အောက်တိုဘာလ(၁၀)ရက်နေ့ နောက်ဆုံးထား၍ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) နှင့် ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို အဆိုပါ တက္ကသိုလ်များ၌ ၂၀၀၄ခုနှစ် အောက်တိုဘာလ(၈)ရက်နေ့မှ စတင်၍စစ်ဆေးသွားမည်ဖြစ်ပါသည်။

၆။ တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်းမူရင်းကို လူတွေ့စစ်ဆေးရန်လာရောက်သည့်အခါ တစ်ပါတည်းယူဆောင်လာရမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကိုသိလိုပါက ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ တယ်လီဖုန်းအမှတ်(၀၁–၅၉၀၂၅၂)နှင့် (၀၁–၅၉၀၂၃၄)သို့ လည်းကောင်း၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) တယ်လီဖုန်းအမှတ်(၀၉–၆၉၇၂၉၅၀) (၀၉–၆၉၇၂၉၅၁)သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကျော်ကျော်လှိုင်**
**မော်ကွန်းထိန်းအဆင့်–၁**
**ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)။**

## ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် မောင်အောင်သူရကို [၁၂/ဗတထ(နိုင်)၀၀၀၉၆၁] နှင့် မဇာပွင့်ဖြူ [၁၂/ဗဟန(နိုင်)၀၈၅၆၅၃]တို့သည် ၃–၈–၂၀၀၄ ရက်နေ့တွင် ရန်ကုန်တိုင်းတရားရုံး၌ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း။

**အောင်သူရကို။**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာကြီး**

**ဦးဘိုးစိန်(၈၅)နှစ် (တန့်ဆည်)**

တန့်ဆည်မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးချစ်မွေး–ဒေါ်မြင့်မြင့်ရီတို့၏ဖခင် ဦးဘိုးစိန်သည် ၉–၈–၂၀၀၄ရက်တွင် တန့်ဆည်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှုဆောင်အဖွဲ့နှင့်အသင်းသူ၊ အသင်းသားများ။**

## ဝမ်းနည်းကြေကွဲခြင်း

ပဲခူး–ကလျာဏီသိမ်တော်ဥက္ကဋ္ဌ၊ နေလင်းယုန်ဆေးပေါ့လိပ်ရုံပိုင်ရှင် ပဲခူးအထက(၃) မိဘဆရာအသင်းနာယက ကျောင်းတော်ကြီး၏ စေတနာ မေတ္တာရှင် ဦးတင်လှိုင် အသက်(၆၆)နှစ်သည် ၁၁–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အထက(၃)ပဲခူး–ပညာရေးမိသားစု**
**မိဘဆရာအသင်း**
**ကျောင်းအကျိုးတော်ဆောင်အဖွဲ့။**




## လှိုင်မြို့နယ်၊ ရန်ကုန်–အင်းစိန်လမ်း၊ အမှတ်(၆၉)၊ တိုက်အမှတ် (အေ–၁)နှင့်(အေ–၂)မှ တိုက်ခန်း ၂၂ခန်းနှင့်ပတ်သက်၍

## အများသိစေရန်သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(၂၁၆/၂၁၈)၊ (၈)လွှာနေ ဒေါ်ဆာရာဘီ (အေဂျီ–၁၆၅၇၁၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

လှိုင်မြို့နယ်၊ ရန်ကုန်–အင်းစိန်လမ်း၊ အမှတ်(၆၉)၊ မျက်နှာစာဘက်ရှိ တိုက်အမှတ်(အေ–၁)၏ သုံးလွှာရှိ အခန်းအမှတ်(၃၁)၊ လေးလွှာရှိ အခန်းအမှတ်(၄၀မှ၄၄အထိ)၊ ငါးလွှာရှိ အခန်းအမှတ်(၅၃မှ၅၆ထိ)၊ ခြောက်လွှာရှိ အခန်းအမှတ်(၆၄မှ၆၈ထိ) တိုက်ခန်း ၁၄ ခန်းနှင့် နောက်ကျောဘက်ရှိ တိုက်အမှတ်(အေ–၂)၏ သုံးလွှာရှိ အခန်းအမှတ် (၂၀)၊ လေးလွှာရှိ အခန်းအမှတ်(၂၈မှ၃၁ထိ)၊ ငါးလွှာရှိ အခန်းအမှတ်(၃၅မှ၃၉ထိ)၊ ခြောက်လွှာရှိအခန်းအမှတ် (၄၁မှ၄၈ထိ) တိုက်ခန်း ၁၇ခန်း စုစုပေါင်းတိုက်ခန်း ၃၁ခန်းကိုလည်းကောင်း၊ ကွယ်လွန်သူ မရှိဒီးခန်း၏ အခြားအမွေပုံပစ္စည်းများကိုလည်းကောင်း၊ တရားမဇာရီမှုအမှတ် ၃၀/၉၈တွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်မှ တရားနိုင်နှင့် တရားရှုံးများ၏ တရားဝင်ကိုယ်စားလှယ်များအား ခွဲဝေသတ်မှတ်လွှဲပြောင်းပေးအပ်ရန်ရှိသဖြင့် တရားနိုင်နှင့် တရားရှုံးများ ခွဲဝေရရှိမည့် တိုက်ခန်း ၃၁ခန်းထဲတွင် ဒေါ်ဆာရာဘီက တရားနိုင်ဖြစ်သူ ကွယ်လွန်သူရှားခန်း၏ တရားဝင်ကိုယ်စားလှယ်များထံမှ တိုက်ခန်းလေးခန်း၊ တရားရှုံးများဖြစ်ကြသော ကွယ်လွန်သူရိုရှန်းခန်း၏ တရားဝင်ကိုယ်စားလှယ်များထံမှ တိုက်ခန်းငါးခန်း၊ ကွယ်လွန်သူ ဒေါ်ဖူလန်၏ တရားဝင်ကိုယ်စားလှယ်များထံမှ တိုက်ခန်းသုံးခန်း၊ ကွယ်လွန်သူ ဦးတိလာမိုဟာမက်ခန်း၏ တရားဝင်ကိုယ်စားလှယ်များထံမှ တိုက်ခန်းငါးခန်းနှင့် ကွယ်လွန်သူ ဂျန်းစူလ်တာနာ(ခ)ဒေါ်ခင်သန်း၏ တရားဝင်ကိုယ်စားလှယ်များထံမှ တိုက်ခန်း ငါးခန်း စုစုပေါင်း တိုက်ခန်း ၂၂ခန်းကို ဒေါ်ဆာရာဘီက ၁၉၉၆ခုနှစ်တွင် တိုက်ခန်းအပြီးအပိုင် လွှဲပြောင်းရောင်းချသည့် စာချုပ်များ ချုပ်ဆိုလျက် ငွေအပြေအကျေပေးချေပြီး အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသဖြင့် တရားရုံးတော်မှ ယင်းတိုက်ခန်း ၃၁ခန်း၏သော့များကို အထက်အမည်ပါ တရားနိုင်နှင့် တရားရှုံးများ၏ တရားဝင်ကိုယ်စားလှယ်များအား လွှဲပြောင်းပေးအပ် သည့်အခါ ၎င်းတို့သည် ဒေါ်ဆာရာဘီအား ရောင်းချထားပြီးဖြစ်သော အထက်ဖော်ပြပါ တိုက်ခန်း ၂၂ခန်းကို လွှဲပြောင်းပေးအပ်ရန် တာဝန်ရှိပါ၍ ဒေါ်ဆာရာဘီ၏စာဖြင့် သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူမျှ အဆိုပါတိုက်ခန်း ၂၂ခန်းကို ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းပေးခြင်းများ မပြုလုပ်ပါရန်နှင့် အကယ်၍ပြုလုပ်လျှင် ထိုသို့ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပြီး ၎င်းတို့အပေါ် တည်ဆဲဥပဒေအရ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြိုတင်သတိပေးကြေညာအပ်ပါသည်။

**ဒေါ်ဆာရာဘီ၏ညွှန်ကြားချက်အရ–**

**ဦးဇော်အောင်ဝင်းနှင့် ဦးဇော်ဝင်းထွန်း**
**(ဒေါ်ဆာရာဘီ၏အခွင့်ရကိုယ်စားလှယ်များ)**
**အမှတ်၂၁၆/၂၁၈၊ ဗိုလ်ဆွန်ပက်လမ်း၊ (၁၀)ရပ်ကွက်၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)
## ချိပ်ပိတ်တင်ဒါကြော်ငြာ

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အသုံးမပြုနိုင်တော့သည့် အောက်ပါ စက်/ယာဉ်/ယန္တရားအဟောင်း(၇၂)စီးကို မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

| စဉ် | တင်ဒါအုပ်စုအမှတ် | စက်/ယာဉ်/ယန္တရား အရေအတွက် | စက်/ယာဉ်/ယန္တရားအခြေအနေ ကြည့်ရှုရမည့်ဌာန |
|---|---|---|---|
| ၁။ | Lot No. 1,2,3,4,5,6 | ၂၂–စီး | ယန္တရားတပ်ခွဲ(မြောက်)၊မန္တလေးမြို့။ |
| ၂။ | Lot No. 7,8,9,10,11,12 | ၁၅–စီး | အလုပ်ရုံ(မြောက်)၊ မန္တလေးမြို့။ |
| ၃။ | Lot No. 13 | ၃–စီး | ပခုက္ကူ |
| ၄။ | Lot No. 14 | ၁–စီး | လွိုင်ကော် |
| ၅။ | Lot No. 15 | ၂–စီး | ခန္တီး |
| ၆။ | Lot No. 16 | ၂–စီး | တပ်ခွဲ(တောင်)ရန်ကုန်မြို့ |
| ၇။ | Lot No. 17,18 | ၄–စီး | တံတား(၁)၊ သန်လျင်တံတား၊ရန်ကုန်မြို့ |
| ၈။ | Lot No. 19 | ၁–စီး | ဘုတ်ပြင်း |
| ၉။ | Lot No. 20 | ၁–စီး | ပုလော |
| ၁၀။ | Lot No. 21 | ၂–စီး | လားရှိုးနှင့်ကွမ်းလုံ(အနောက်လမ်း) |
| ၁၁။ | Lot No. 22,23,24,25,26 | ၁၂–စီး | ရွှေညောင် |
| ၁၂။ | Lot No. 27,28 | ၄–စီး | မိုင်းဆတ် |
| ၁၃။ | Lot No. 29 | ၂–စီး | မိုင်းတုံ |
| ၁၄။ | Lot No. 30 | ၁–စီး | လဲချား |

၂။ ချိပ်ပိတ်တင်ဒါ စည်းကမ်းချက်(၁)စောင်လျှင် ကျပ် ၁၅၀၀/–နှုန်းဖြင့် (၂၃–၈–၂၀၀၄)နေ့မှ (၁၂–၉–၂၀၀၄)နေ့အထိ စက်မှုဦးစီး၊ ယန္တရား(ကြီးကြပ်)ဌာနစိတ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) အမှတ်(၆၀)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့တွင် ဝယ်ယူနိုင်ပါသည်။

၃။ ချိပ်ပိတ်တင်ဒါဈေးနှုန်းတင်သွင်းလွှာများကို (၁၃–၉–၂၀၀၄)နေ့ ညနေ (၁၆း၀၀)နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး (၁၄–၉–၂၀၀၄)နေ့ နံနက် (၀၉း၀၀)နာရီတွင် ယန္တရားတပ်ခွဲ(တောင်) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မရမ်းကုန်း၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ရောင်းချပါမည်။

**ရောင်းချရေးအဖွဲ့**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)**
**ရန်ကုန်မြို့။**

## သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

| စဉ် | လျှောက်ထားသူ အမည် | မှတ်ပုံတင် | လိပ်စာ | လျှောက်ထားသည့် မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | လျှောက်ထားသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| ၁ | ဦးကျော်ဟုတ်(ခ)ဦးလှဦး | ၁၄/ပသန(နိုင်)၀၆၂၂၅၆ | ၅၆၊ ဥယျာဉ်ရှိလမ်း ပုသိမ်မြို့ | ဒဂုံဆိပ်ကမ်း | ၇၉ | ၁၃၃ | ဦးကျော်ဝင်း | ဂရန်သစ် |
| ၂ | ဒေါ်ခင်ခင်ဝင်း | ၉/မရတ(နိုင်)၀၂၀၃၂၀ | ၁၁၁၈၊ [illegible]လမ်း ၁၅–ရပ်ကွက်၊ မ/ဒဂုံ | ဒဂုံမြောက် | ၃၅ | ၁၁၁၈ | [illegible] | မြေပုံကူး |
| ၃ | ဒေါ်ခင်မာအေး | ၉/ပသက(နိုင်)၀၁၃၃၃၆ | [illegible] | ဒဂုံမြောက် | ၃၈ | [illegible] | [illegible] | အမည်ပြောင်း |
| ၄ | ဒေါ်သီတာထွန်း+၂ | ၁၂/ဗဟန(နိုင်)၀၁၀၁၁၅ | ၆၊ အောင်သီရိ(၁)လမ်း ၂၈ရပ်ကွက်၊ ဒဂုံမြောက် | ဒဂုံမြောက် | ၂၈ | ၈၈၄ | [illegible] | အမည်ပြောင်း |
| ၅ | ဦးကျော်မြင့်+၂ | ၇/မလန(နိုင်)၀၄၄၄၁၇ | ၅၅၃၊ [illegible]လမ်း ၄၇–ရပ်ကွက်၊ ဒဂုံမြောက် | ဒဂုံမြောက် | ၄၇ | ၅၅၃ | [illegible] | အမည်ပြောင်း |
| ၆ | ဒေါ်[illegible] | ၁၂/စခန(နိုင်)၀၄၃၈၉၀ | ၂၄၇/ ၂၉–ရပ်ကွက်၊ ဒဂုံမြောက် | ဒဂုံမြောက် | ၂၉ | ၂၄၇ | [illegible] | အမည်ပြောင်း |
| ၇ | ဒေါ်ခင်[illegible] | ၁၁/ကမန(နိုင်)၀၀၁၁၃၀ | ၄၂၃၊ [illegible]လမ်း၊ အလုံ | မြောက်ဥက္ကလာပ | ၁၂ရွှေပေါက်ကံ | ၉၆၄ | ဒေါ်ခင်[illegible] | ဂရန်သစ် |
| ၈ | ဒေါ်[illegible] | ၁၂/မဂတ(နိုင်)၀၀၆၅၀၁ | ၄၂ [illegible]လမ်း ဗဟန်း | ဗဟန်း | ၃၅–D | ၄၀/ခ | [illegible] | မြေပုံကူး |
| ၉ | ဦးတင်မော်(ခ)ဦးတင်မြင့် | S/OKA ၁၁၁၀၉၀ | ၉၂၀(က)၊ ပင်းယလမ်း ၈–ရပ်ကွက်၊ တာ/ဥ | ဒဂုံအရှေ့ | ၆ | ၉၃၁ | ဦးတင်မော်(ခ)ဦးတင်မြင့် | ဂရန်မိတ္တူ |
| ၁၀ | ဦး[illegible] | ၁၂/အစတန(နိုင်)၀၁၉၁၆၂ | ၂၅၅ အောက်ကြည့်မြင်တိုင်လမ်း ဓနော/တောင် | အလုံ | ၂၃ K | ၁၆၉ | ဦး[illegible] | အမည်ပြောင်း |
| ၁၁ | ဦး[illegible] | ၁၂/ရကန(နိုင်)၀၀၅၁၇၂ | [illegible]လမ်း(၆)ရပ်ကွက်၊ တာ/ဥ | တောင်ဥက္ကလာပ | ၆ | ၅၉၈ | ဦး[illegible] | အမည်ပြောင်း |
| ၁၂ | ဦး[illegible] | ၃/ကကက(နိုင်)၀၃၅၄၉၅ | ၅၆၊ ၁၂၀ လမ်း မင်္ဂလာတောင်ညွန့် | တောင်ဥက္ကလာပ | ၄ | ၆၃ | ဦး[illegible]+၁ | ဂရန်မိတ္တူ |
| ၁၃ | ဦး[illegible] | ၃/ကကက(နိုင်)၀၃၅၄၉၅ | ၅၆၊ ၁၂၀ လမ်း မင်္ဂလာတောင်ညွန့် | တောင်ဥက္ကလာပ | ၄ | ၆၃ | ဦး[illegible]+၁ | အမည်ပြောင်း |
| ၁၄ | ဒေါ်[illegible](ခ)ဒေါ်[illegible] | ၁၂/မဂတ(နိုင်)၀၀၇၄၁၄ | တိုက် ၁၁၊ အခန်း ၃၁၊ [illegible] | ဒဂုံမြောက် | ၃၀ | ၁၀၁ | ဦး[illegible] | ဂရန်သစ် |
| ၁၅ | ဒေါ်[illegible] | ၁၂/ကမရ(နိုင်)၀၁၄၇၉၄ | တ/၁၉၂ [illegible]လမ်း ၄၁–ရပ်ကွက် ဒဂုံမြောက် | ဒဂုံမြောက် | ၄၁ | တ/၁၉၂ | ဦး[illegible] | အမည်ပြောင်း |
| ၁၆ | ဒေါ်[illegible](ခ)[illegible] | ၁၂/တမန(နိုင်)၀၁၀၉၁၈ | ၁၉A၊ [illegible]လမ်း ဗဟန်း | ဗဟန်း | ၃၆–J | ၁၁၂/၄–၁၄B | ဦး[illegible] | အမည်ပြောင်း |
| ၁၇ | ဒေါ်[illegible](ခ)ဒေါ်[illegible]+၁ | ၉/မရမ(နိုင်)၀၅၀၆၆၇ | ၂၀၉(B)[illegible] | ဗဟန်း | ၂–A | ၅၂၁A/B | ဒေါ်[illegible] | အမည်ပြောင်း |
| ၁၈ | ဒေါ်ခင်ခင်ဝင်း | ၁၂/လမတ(နိုင်)၀၁၃၆၅၂ | ၈၃၊ ဘုန်း[illegible]လမ်း | လမ်းမတော် | ၂၂–Y | V ၃၇၁ | ဦး[illegible] | မြေပုံကူး |
| ၁၉ | ဒေါ်[illegible] | ၁၂/ဗဟန(နိုင်)၀၅၃၈၇၇ | ၁၈၊ အင်းယားမြိုင်လမ်း ရွှေ(၁)ရပ်ကွက်၊ ဗဟန်း | ဗဟန်း | ၃၆–G | [illegible] | ဒေါ်[illegible] | အမည်ပြောင်း |
| ၂၀ | [illegible](ခ)ဦးတင်မြင့် | ၁၂/လသန(နိုင်)၀၀၀၃၅၄ | ၃၇၊ လသာလမ်း | လသာ | ၂၁–A | S Port of the N 3rd of II 21 | [illegible] | အမည်ပြောင်း |

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အမည်မှန်

ဦးပီတာမိုးဇက်နှင့်ဒေါ်ဂျိန်းတာရ်ဒေးဗစ်၏သမီး မဆင်ဒီဂျိုးလင်န်ဒေးဗစ်၊ မဆင်ဒီဂျိုးလင်း(န်)၊ မစင်တီဒေးဗစ် [၁၂/သဃတ(နိုင်)၁၄၆၆၀၉]အမည် သုံးခုသည် လူတစ်ဦးတည်းဖြစ်ပါကြောင်း။

## အရေးကြီးတဲ့ကိစ္စရှိရင်လာခဲ့ပါ

–အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါတယ်။
–ထိရောက်ထက်မြက်သောယတြာများကိုသာ ဆောင်ရွက်ပေးပါတယ်။

**ခင်မျိုးတင့်** (မြန်မာ့ဗေဒင်နဝင်းစီးပညာ)
**အခန်း(၄)၊ အနောက်ဘက်မုခ်၊**
**မဟာဝိဇယစေတီ၊ ရန်ကုန်။**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ၇က/၁၈၈၀ LAND CRUSER (မီးခိုးရောင်) ကား၏ ယာဉ်မှတ်ပုံတင်စာအုပ် ပျောက်သွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

**ဦးသာအေး**
**၀၉–၈၀–၂၃၃၈၆၊၀၉–၅၀၀၉၉၄၂**
**အမှတ်(၉၇)၊ မန္တလေးလမ်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်မြို့။**

# ဝမ်းဆဲဗင်းဝမ်းမြန်မာထမင်းဆိုင်

အမှတ် ၁၃၀ / ၁၃၂ ဗိုလ်ကလေးအရှေ့လမ်း (အထက်ဘလောက်) Y.W.C.A ရှေ့တွင် ၁၄-၈-၂၀၀၄ မှစ၍ ပြောင်းရွှေ့ဖွင့်လှစ်ရောင်းချပေးနေပြီဖြစ်ကြောင်း မိတ်ဟောင်း မိတ်သစ်များကို သတင်းကောင်းပါးလိုက်ပါသည်။

အထူးအစီအစဉ်

- သက်သတ်လွတ်စားသုံးသူများအတွက် စီစဉ်ပေးထားပါသည်။
- ထမင်းချိုင့်လခပေး စားချင်သူများအတွက် တစ်လ ၃၀၀၀၀ ကျပ်ဖြင့် အိမ်အရောက်ပို့ပေးပါသည်။

ဆိုင်ဖွင့်ချိန် (နံနက် ၁၀နာရီမှ ညနေ ၄နာရီထိ) ဝိတ်ရောက်ရှိ ဖွင့်လှစ်ပါမည်။

ဖုန်း - ၂၁၁၃၀၈ / ၃၈၀၀၄၂

အိမ်ခြံရောင်းမည်။ ပွဲစားမလို
အလုံ၊ ဥပါလမ်း၊
25'x54' ရေမီးစုံ
Ph: 578949, 542998
(ရုံးချိန်အတွင်း)

## မီးစက်ရောင်းရန်

လက်ရှိအသုံးပြုနေသောမီးစက်
Nippon Sharyo
90.KVA
H07D. Enging
Ph,682031.

## ရောင်းမည်

၄၂လမ်း၊ (အလယ်) ဗိုလ်တထောင်၊ မြေညီ ၁၂½'X ၄၅'၊ ဖုန်း၊ A/C၊ ထပ်ခိုးပါ။ (ညှိနှိုင်းဈေး)
ဖုန်း-၀၂ ၄၄၂၀၃။

FAME Herbigesic®
အဆစ်ကြောအကြောပြေအရောင်ကျလိမ်းဆေး

## Vacancy Announcement

( for local service only )

WE, well known manufacturing firm is seeking young and energetic persons for trading, shipping and clearance fields.

| | |
|---|---|
| Age | Between 20 to 25 Years |
| Education | Graduate (or) Completed Final Year exam |
| Sex | Male / Female |
| Qualification | Fluent in English, Computer literate |

Application letter may send to the following address until 31st August, 2004 together attached with copies of NRC card, graduation certificate, labour registration card and recommendation from concerning police station.

Personal interview will be held on 3rd September, 2004 at 9:00 am.

Myanmar Daewoo International Limited
Pyinmabin Industrial Estate, Mingaladon Township
Yangon Pyay road. Ph 600068, 600069, 600206


# FMI City (ပဒေသာပင်မြို့တော်)ရှိ

# အိမ်၊မြေနှင့် တိုက်ခန်းဝယ်ယူထားသူများ သိရှိနိုင်ရန်

FMI City (ပဒေသာပင်မြို့တော်)တွင် အိမ်၊ မြေနှင့် တိုက်ခန်း စုစုပေါင်း(၁၅၀၀)ကျော် ရောင်းချခဲ့ပြီးရာ အိမ်ထောင်စု(၇၅၀)ကျော်မှာ စိတ်ချမ်းမြေ့စွာနှင့် မြို့တော်အတွင်း လုံခြုံစိတ်ချစွာ လာရောက်နေထိုင်နေကြပြီးဖြစ်ပါသည်။ FMI City မြို့တော်ကို အဆင့်မြင့်မြို့တော်ဖြစ်စေရေး၊ အိမ်ရှင်များနေထိုင်မှု အဆင်ပြေစေရေး၊ မြို့တော်အတွင်း လုံခြုံစိတ်ချစွာ နေထိုင်ရေးအတွက် Estate Management အဖွဲ့ကို ဖွဲ့စည်းလျက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းအတွက် ကျသင့်သော ကုန်ကျစရိတ်များကို ပိုင်ရှင်များထံမှ ထိန်းသိမ်းစရိတ် Maintenance Fees များကို ပြန်လည်ကောက်ခံလျက်ရှိပါသည်။ အိမ်ဝယ်ယူစဉ်ကတည်းက ယင်း Maintenance Fees အား ပေးသွင်းရန် သဘောတူညီခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် လာရောက်နေထိုင်ခြင်းမရှိသော အိမ်(၆၀၀)ကျော်အနက်မှ အိမ်ပိုင်ရှင် (၂၀၀)ကျော်မှာ ပြုပြင်ထိန်းသိမ်းစရိတ်များကို ပေးဆောင်ရန် ပျက်ကွက်လျက်ရှိပြီး Estate Management အဖွဲ့နှင့်လည်း အဆက်အသွယ်လုံးဝမရှိ ပြတ်တောက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ယင်းသို့ပျက်ကွက်လျက်ရှိသော အိမ်ပိုင်ရှင်များအနေဖြင့် ပြုပြင်ထိန်းသိမ်းစရိတ် ပေးသွင်းရန်၊ ကျန်ရှိငွေများအား သုံးလအတွင်းပေးသွင်းပေးပါရန်နှင့် ပေးသွင်းရန်ပျက်ကွက်ခဲ့ပါက ဒဏ်ကြေးငွေများကိုပေးဆောင်ရမည်ဖြစ်သည့်အပြင် ယင်းအိမ်များ၏ နောင်ပေါ်ပေါက်လာမည့်ပြဿနာများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**မှတ်ချက်-**

**ရိုးမဘဏ် Estate Management ငွေစာရင်းအမှတ် ၁၇၁၇၀၀၀၂၇(A)သို့လည်း ပေးသွင်းနိုင်ပါသည်။**

**(အသေးစိတ်သိရှိလိုပါက ၆၈၂၄၄၅ (လိုင်းခွဲ-၁၀၁၃)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။)**





## ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။**အရောင်းမြှင့် ဝန်ထမ်း (ကျား၊မ)**
စကားပြောပြေပြစ်၍ ဈေးကွက်ကို စိတ်ဝင်စားသူ၊ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ နယ်မှလာသူများ နေထိုင်ရေး စီစဉ်ပေးမည်။ အလုပ်သမားမှတ်ပုံတင် မိတ္တူပါရှိရမည်။ Dreamအလှကုန်လုပ်ငန်း၊ အမှတ်(၃၆)၊ဘုရင့်နောင်ရိပ်သာ(၂)လမ်း၊ ပိတောက်လမ်းမှတ်တိုင်၊ ဘုရင့်နောင်လမ်းမကြီး၊အင်းစိန်၊ရန်ကုန်မြို့။ ဖုန်း-၆၄၀၅၃၀။

## စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။ **၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၄၅။**


## အများသိစေရန်ကြေညာချက်

[illegible]

| [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|
| ၁ | [illegible] | [illegible] | [illegible] | [illegible] |
| ၂ | [illegible] | [illegible] | [illegible] | [illegible] |
| ၃ | [illegible] | [illegible] | [illegible] | [illegible] |
| ၄ | [illegible] | [illegible] | [illegible] | [illegible] |
| ၅ | [illegible] | [illegible] | [illegible] | [illegible] |
| ၆ | [illegible] | [illegible] | [illegible] | [illegible] |
| ၇ | [illegible] | [illegible] | [illegible] | [illegible] |
| ၈ | [illegible] | [illegible] | [illegible] | [illegible] |
| ၉ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၀ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၁ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၂ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၃ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၄ | [illegible] | [illegible] | [illegible] | [illegible] |

[illegible]

# ၂၆-၇-၂၀၀၄ နေ့ထုတ်ကြေးမုံသတင်းစာ၊ စာမျက်နှာ-၁၇ တွင်ပါရှိသော ဦးစောထွန်းအောင်၊ ဦးမြင့်စိုးနှင့် ဦးသိန်းဝင်းတို့၏ ရှေ့နေ ဦးမောင်မောင်(တရားရုံးချုပ်ရှေ့နေ)၏ အများသိစေရန် ကြေညာချက်နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာချက်နှင့် သတိပေးတားမြစ်ချက်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅(ဘီ) မြေကွက်အမှတ်-၃၂အေ+၃၃(ဘီ)၊ ဧရိယာ (၀ဒသမ၂၅၈)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်မှ ၄၆ ပေ X ၃၂ ပေ အစိတ်အပိုင်းကို ချန်လှပ်ပြီး ကျန်မြေကွက်နှင့်မြေကွက်ပေါ်ရှိ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အေးရိပ်သာ(၁)လမ်း၊ အမှတ်-၅၉/၆၉ဟုခေါ်တွင်သော တိုက်အိမ်ကို လက်ရောက်ရရှိရန်အနိုင်ဒီကရီရရှိထားသူ ဒေါ်တင်အုန်းနှင့် ဒေါ်တင်အုန်း၏ ညီမ ဒေါ်ကြူကြူဝင်းတို့၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

၁။ ဦးသိန်းဝင်း၊ ဦးမြင့်စိုး၊ ဦးစောထွန်းအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးမောင်မောင် (တရားရုံးချုပ်ရှေ့နေ)၏ ၁၉-၅-၁၉၉၈ရက်စွဲပါ ဒုတိယအကြိမ်သတိပေး အကြောင်းကြားစာ စာမျက်နှာ (၂)၊ စာပိုဒ် (၄)တွင် "လူကြီးမင်းနှင့် ကျွန်ုပ်အမှုသည်များချုပ်ဆိုခဲ့သည့် ၁၀-၁၀-၁၉၉၇ နေ့စွဲပါ နှစ်ဦးနှစ်ဖက်သဘောတူအိမ်နှင့် မြေအရောင်းအဝယ် သဘောတူစာချုပ်-ခေါင်းစဉ်ဖြင့်ချုပ်ဆိုထားသော စာချုပ်သည် မူလကပင်ပျက်ပြယ် နေပြီးဖြစ်ပါသည်" ဟုဖော်ပြထားသဖြင့် ဦးမောင်မောင်(တရားရုံးချုပ်ရှေ့နေ) ဦးစောထွန်းအောင်၊ ဦးမြင့်စိုး၊ ဦးသိန်းဝင်းတို့သည် အရောင်းအဝယ်ကတိစာချုပ်ပျက်ပြယ်ပြီးဖြစ်ကြောင်း ဝန်ခံပြီးဖြစ်ခြင်း။

၂။ ဦးစောထွန်းအောင်၊ ဦးမြင့်စိုးနှင့် ဦးသိန်းဝင်းတို့သည် ဒေါ်တင်အုန်းနှင့် ဒေါ်ကြူကြူဝင်းတို့အပေါ် မမှန်မကန်လုပ်ကြံစွပ်စွဲခဲ့ခြင်း။

၃။ ဦးစောထွန်းအောင်၊ ဦးမြင့်စိုးနှင့် ဦးသိန်းဝင်းတို့သည် ၁၃-၁၂-၁၉၉၉ နောက်ပိုင်းမှစတင်၍ ဒေါ်တင်အုန်း၊ ဒေါ်ကြူကြူဝင်းတို့နှင့်အဆက်အသွယ်လုံးဝပြတ်တောက်ခဲ့ခြင်း စသည်တို့ကြောင့် ဦးစောထွန်းအောင်ပါ (၃)ဦးသည် အချိန်ကာလ ကုန်လွန်ပြီးပြတ်နေသည့်ကိစ္စအား ဝင်ရောက်နှောင့်ယှက်ခြင်းသာဖြစ်ကြောင်းနှင့် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၅ဘီ၊ မြေကွက်အမှတ်-၃၂ အေ+၃၃ ဘီ ဧရိယာ ၀ဒသမ၂၅၈မှ ၄၆ပေX၃၂ပေအစိတ်အပိုင်းကို ချန်လှပ်ပြီးကျန်မြေကွက်နှင့်တိုက်အိမ်မှာ ဦးစောထွန်းအောင်၊ ဦးမြင့်စိုး၊ ဦးသိန်းဝင်းတို့နှင့်လုံးဝ ပတ်သက်ခြင်း မရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစောထွန်းအောင်၊ ဦးမြင့်စိုး၊ ဦးသိန်းဝင်းတို့သည် အထက်ဖော်ပြပါ မြေကွက်၊ တိုက်အိမ်တို့နှင့်ပတ်သက်၍ ထပ်မံနှောင့်ယှက်ခြင်းမပြုရန် သတိပေးတားမြစ်အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးကြူ**
**M.A,R.L (Advocate)**
**စဥ်-၁၉၅၄**
**၂၉၄(က)၊ မင်းကြီးလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့။**

# ကန့်ကွက်နိုင်ရန်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့၊ သံသုမာလမ်းမကြီး၊ အမှတ်(၉၆၁)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်၊ အမှတ်(၁၃)၊ လူနေရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၉၆၁)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မဇင်မင်းသူထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်ပြုခြင်းကို ပိုင်ဆိုင်ပတ်သက်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းများ ယူဆောင်ပြီး ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းအကြောင်းကြားအပ်ပါသည်။

သတ်မှတ်ထားသည့် ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးအေးရီ (LL.B)** | **ဒေါ်လှလှခိုင် (LL.B)** |
| **တရားရုံးချုပ်ရှေ့နေ(၄၃၇၃)** | **တရားရုံးချုပ်ရှေ့နေ (၅၄၁၀)** |

**အခန်းအမှတ်(၅၅)၊ အခန်းအမှတ်(၇)၊ တတိယထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။**

# ကျေးဇူးတင်ရှိခြင်း

# မောင်တင်မောင်ဆွေ အသက်(၃၃)နှစ်

**O/5(CDC-51323)**
**SAMTA SHIPMANAGEMENT Pte.Ltd(SINGAPORE)**

၂၃-၇-၂၀၀၄ရက်နေ့တွင် တာဝန်ထမ်းဆောင်ရင်း သီရိလင်္ကာနိုင်ငံ၌ ကွယ်လွန်ပြီး ၉-၈-၂၀၀၄ရက်နေ့တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ခဲ့သော မောင်တင်မောင်ဆွေ၏ ဈာပနကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော အကောက်ခွန်ဦးစီးဌာန၊ နစရ(၁)၊ နစခ(၃)၊ သုခဆောက်လုပ်ရေးကုမ္ပဏီမှ ဝန်ထမ်းများ၊ စိုက်/မွေး(ရုံးချုပ်)မှဝန်ထမ်းများ၊ SAMTA SHIPMANAGEMENT Pte Ltd. (SINGAPORE)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အစစအရာရာ ကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအား ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု။**

# သားအဖြစ်မှရာသက်ပန်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းလမ်း၊ အမှတ်(၁၃၉)နေ ဒေါ်ခင်မြင့်[၁၂/အစန(နိုင်)၀၃၀၀၀၅]၏သားဖြစ်သူ မောင်ငွေမိုး[၁၂/အစန(နိုင်)၀၂၉၅၇၃] (အဘ) ဦးတင်ထွန်းသည် မိဘဆိုဆုံးမမှုကို နားမထောင်ဘဲ မိမိသဘောဆန္ဒ အလျောက် နေအိမ်မှထွက်သွားပါသဖြင့် မောင်ငွေမိုးအား သားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စများ လုံးဝတာဝန်မယူကြောင်း မောင်ငွေမိုးနှင့်တကွ ပတ်သက်သူအားလုံး သိသာပါရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ခင်သိန်းဝင်း**
**တရားရုံးချုပ်ရှေ့နေ**
**၁၅/၁၃၇၊ တော်ဝင်လမ်း၊ ဝန်ထမ်းကြီးများရိပ်သာ၊**
**အမှတ်(၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉၅၀၀၆၇၇၉၊ ၀၁-၆၃၅၂၆၈။**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာကြီး**

### ဦးဘိုးစိန်(၈၅)နှစ်

ချစ်သူငယ်ချင်းကိုချစ်မွေး–ချိုမာတို့၏ဖခင် ၉–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ကိုဇော်ဦး–မစိုး၊ တင်သန်း–မိမိ၊ ခိုင်ထွန်း–မေမျိုး။**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စီမံဝန်ထမ်းဌာန မန်နေဂျာဒေါ်ဥမ္မာကျော်၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ရီရီ(၈၃)နှစ်ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်ဝင်သူငယ်ချင်းများ(PSC 89)**
**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်။**

## ဒေါက်တာဇော်မိုးဦး

### အသက် (၂၇)နှစ်

**(အလုပ်သင်ဆရာဝန်၊ မြောက်ဥက္ကလာပဆေးရုံကြီး)**

မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ(၄)၊ ချမ်းမြကန်သာရပ်၊ အမှတ်(၄) နေ၊ ဦးအေးမောင်–ဒေါ်သန်းအေးတို့၏ သားကြီး၊ မခင်မေမေဦး၊ မောင်တင်ကိုဦး၊ မခင်သန္တာဦးတို့၏ အစ်ကိုကြီး ဒေါက်တာဇော်မိုးဦးသည် ၁၃–၈–၂၀၀၄ရက် ည ၁၁း၁၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅–၈–၂၀၀၄(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (မြောက်ဥက္ကလာပဆေးရုံကြီးမှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

**ဘုရား၊ကျောင်း၊သိမ်၊ဇရပ်ဒါယကာကြီး**

## ဦးကျော်ငြိမ်း(ကဒပွန)

### အသက်(၉၃)နှစ်

**ယခင်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး(ငြိမ်း)**
**နိုင်ငံ့ဂုဏ်ရည်ပထမဆင့်**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ(ငြိမ်း)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ ဦးဝိဇ္ဇာလမ်း၊ အမှတ်(၁၈)နေ (ဒေါ်ခင်အိ)၏ခင်ပွန်း၊(ဒေါ်မြညွန့်)၏ မောင်၊ (ဒေါ်လှကြည်)၊ (ဦးအုန်းသိန်း–ဒေါ်ခင်အေးကြူ)၊ ဦးမျိုးချစ်–ဒေါ်အေးသန်း၊ ဦးမျိုးလှ–ဒေါ်အောင်ကြည်၊ ဦးလှကြည်–ဒေါ်နွဲ့ရီတို့၏အစ်ကို၊ ဦးအောင်ဇံ၊ ဦးဝင်းခိုင်–(ဒေါ်စုစုမော်)၊ ဦးတင်မောင်ဝင်း–ဒေါ်နုနုလွင်၊ ဒေါက်တာခင်ဇော် (SSC)–ဒေါ်ယုယုမော်တို့၏အဘိုးသည် ၁၄–၈–၂၀၀၄ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၈–၂၀၀၄ (တနင်္လာနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

**ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်မြကျင်(၇၈)နှစ်

ဧရာဝတီတိုင်း၊ ဒေးဒရဲမြို့၊ အမှတ်(၁၈)၊ ကမ်းနားလမ်းနေ (ဦးအမိုင်)၏ ဇနီး၊ ဦးအေးထွန်း–ဒေါ်ချော၊ အသင်းဝင် ဦးကြည်ထွန်း(ခ)ကိုထိုက်–ဒေါ်အေးအေးကြူ၊ဦးသိန်းထွန်း၊ (ဦးစိန်ထွန်း)၊ ဦးဟုတ်ဥာဏ်–ဒေါ်သန်းသန်းဝင်း(ခ) မပြုံး၊ ဦးကြည်သိန်း–ဒေါ်ဌေးဌေးရီတို့၏ မိခင်သည် ၁၃–၈–၂၀၀၄ရက်တွင် ရန်ကုန်မြို့၊ (၁၁)လမ်း၊ အမှတ်(၇၄)၊ ပထမထပ် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅–၈–၂၀၀၄(တနင်္ဂနွေနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ အသင်းဝင်များပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး**

## ဒေါ်အုံးကျင်(ခ)ကျင်ကျင်

### အသက်(၇၃)နှစ်

**(ဘိုကလေးမြို့)**

ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နေ (ဦးမောင်ကြီး–ဒေါ်ဖွားသင်)တို့၏ သမီး၊ ဦးသူတော်–ဒေါ်ညီမ၊ ဦးအောင်ခင်–ဒေါ်သန်းခင်၊ ဦးလှဖေ–ဒေါ်သစ်သစ်၊ ဦးကျော်စိန်–ဒေါ်အေးမေ၊ ဦးသိန်း–ဒေါ်ညွန့်ရီ၊ဒေါ်ကြည်၊ဦးဘစော–ဒေါ်ညွန့်ညွန့်၊ ဦးကိုကိုကြီး–ဒေါ်အေးလှ၊ ဦးကိုကိုလေး–ဒေါ်မြင့်မြင့်တို့၏ ညီမထွေး၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ပြည်သာယာလမ်း၊ အမှတ်(၃၈/ခ)နေ (ဦးလှမောင်)၏ ဇနီး၊ (မခင်လှကျင်)၊ ကိုညီညီအောင်–မခင်အေးကျင်(သရုပ်ပြ၊ ကုန်ထုတ်ဓာတုဗေဒဌာန၊ဒဂုံတက္ကသိုလ်) တို့၏မိခင်၊မောင်ဘုန်းမြတ်ခန့်၏ အဘွားသည် ၁၄–၈–၂၀၀၄ရက် နံနက် ဝဝး၂၅ နာရီတွင် Green Cross အထူးကု ဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၆–၈–၂၀၀၄ (တနင်္လာနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## မသိန်းသိန်းအေး(၃၂)နှစ်

**(B.A, Geo)**

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ အေးစေတီလမ်း၊ အမှတ်(၂၉၂/A)နေ (ဦးခင်မြင့်)–ဒေါ်ခင်သောင်းတို့၏ သမီး၊ ကိုခင်ညွန့်–မမြင့်မြင့်စန်း၊ ကိုသောင်းညွန့်–မတင်တင်ရီ၊ မစန်းစန်းမြင့်၊ ကိုသောင်းသောင်းအေးတို့၏ ညီမ၊ မအေးအေးသန်း၏ အစ်မ၊ တူ၊ တူမ ခုနစ်ယောက်တို့၏ အဒေါ်သည် ၁၂–၈–၂၀၀၄ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၆–၈–၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံး ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၁ နှင့် ၅**
**ရန်ကုန်တိုင်း တရားရုံး**
**၂၀၀၄–ခုနှစ်၊ တရားမကြီးမှု အမှတ်–၁၇၄၁**

| | |
|---|---|
| **ဒေါ်မောင်းရင်း**<br>**အမှတ်(၂) ရတနာပုံလမ်း** **နှင့်**<br>**၅–ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်**<br>**ရန်ကုန်မြို့။** | **၁။ ဒေါ်အုန်းခင်**<br>**၂။ ဦးညွန့်ရှိန်**<br>**၃။ ဒေါ်သောင်းတင်**<br>**အမှတ်(၂)ရတနာပုံလမ်း**<br>**၅–ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**<br>**ရန်ကုန်မြို့။** |

အထက်အမည်ပါ တရားပြိုင်များဖြစ်သည့်၁။ ဒေါ်အုန်းခင်၊ ၂။ ဦးညွန့်ရှိန်၊ ၃။ ဒေါ်သောင်းတင်း (ယခုနေရပ်လိပ်စာ မသိသူ)တို့ သိစေရမည်။

တရားလို ဒေါ်မောင်းရင်းက မြေနှင့် အဆောက်အအုံ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၀၄ခုနှစ် စက်တင်ဘာလ၂ရက်၊ (၁၃၆၆–ခုနှစ်၊ဝါခေါင်လပြည့်ကျော်၃ ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသည့် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ မရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း အထောက်အထားများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ်၊ ဩဂုတ်၁၂ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်အောင်)**
**တွဲဖက်တိုင်းတရားသူကြီး (၁၁)**
**ရန်ကုန်တိုင်း တရားရုံး။**

**ဘုရား၊ ကျောင်း ၊ရဟန်းဒါယကာ**

## ဦးပွ (၈၂)နှစ်

**(အင်းရဲ)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ကျော်သူ(၁၉)လမ်း၊ အမှတ်(၇၃၄)နေ ဒေါ်ဒေါင်း၏ချစ်လှစွာသောခင်ပွန်း၊ရှေ့နေဦးမြင့်ဆန်း–ရှေ့နေဒေါ်သန်းသန်းဝင်း၊ ဒေါ်မြမြဝင်း၊ ဒေါ်သန်းသန်းဆင့် (အထက၊တာချီလိတ်)၊ ဦးထိန်ဝင်း–ဒေါ်တင်တင်လှ၊ ဦးမိုးကျော်သူ(လျှပ်စစ်လုပ်ငန်း)–ဒေါ်သန်းသန်းလှ၊ ဦးတိုးဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁၃–၈–၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၁၅–၈–၂၀၀၄ရက်နံနက် ၁၀နာရီတွင် ရေဝေးအအေး တိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးအောင်မောင်း

### အသက်(၅၇)နှစ်

**အလက(၆)၊ သာကေတ**

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးထွန်းခိုင်–ဒေါ်ကြွေ)တို့၏သား၊ ရန်ကုန်မြို့၊သာကေတမြို့နယ်၊ အမှတ်(၃)ရန်ပြေရပ်ကွက်၊ ရန်ပြေ ၁၃လမ်းထိပ်၊ အလက(၆)ကျောင်းဝင်းနေဒေါ်သိန်းကြည်၏ခင်ပွန်း၊ မကြည်ကြည်အောင်၊ မဥမ္မာအောင်–တပ်ကြပ်သန်းဦး(ဒေါပုံရဲစခန်း)၊ ကိုအောင်အောင်–မဇင်မာလွင်၊ ကိုဇော်ဇော်အောင်(ကြေးမုံ)၊ ကိုသူရအောင်(ကြေးမုံ)တို့၏ ဖခင်၊မြေးခြောက်ယောက် တို့၏ အဘိုး ဦးအောင်မောင်းသည်၁၄–၈–၂၀၀၄(စနေနေ့) နံနက်၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၆–၈–၂၀၀၄(တနင်္လာနေ့)ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အလက–၆ကျောင်းဝင်းနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ထူးအိမ်သင်(ခ)ကျော်မြင့်လွင်

### အသက်(၄၂)နှစ်

မော်လမြိုင်မြို့၊ မောင်ငံ ၂၈ရပ်၊အိမ်အမှတ်(၅)နေ ဦးထွန်းမြင့်–ဒေါ်မြရင်တို့၏ သားကြီး၊ရန်ကုန်မြို့၊ စော်ဘွားကြီးကုန်း၊တိုက်(၄)၊အခန်း(၅)နေ ဦးတင်စိုး–ဒေါ်ကြည်ကြည်သန်းတို့၏သားသမက်၊မသွယ်သွယ်ထွေး၏ခင်ပွန်း၊ မိကွန်ထော (တတိယတန်း–က၊အလက–၁၊ဒဂုံ)၏ဖခင်၊ မခင်မိုးရီ၊ကိုဥာဏ်စိုး–မသူဇာကျော်၊ မနွယ်နီခင်၊ မောင်အောင်မျိုးဟိန်း၊ မင်းဆုမွန်တို့၏အစ်ကိုကြီး၊ ဇွန်စပယ်အိမ်(ခ) ချစ်ချစ်၏ဘကြီး ထူးအိမ်သင်(ခ)ကျော်မြင့်လွင်သည် ၁၄–၈–၂၀၀၄(စနေနေ့) နံနက်၁၁း၄၀နာရီတွင် သုခကမ္ဘာအထူးကုဆေးခန်း၌ ကွယ်လွန် သွားပါသဖြင့် ၁၆–၈–၂၀၀၄(တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်နှင့် ၃၃လမ်း၊လက်ဖက်ရည်ဆိုင်မှ ကားများ ညနေ ၃နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

**ဘုရား၊ ကျောင်း၊ ရဟန်း ဒါယကာကြီး**

## ဦးထန်ရှောင် (၉၂)နှစ်

**(အထောင်)**

ဧရာဝတီတိုင်း၊ ကျုံပျော်မြို့နယ်၊ အထောင်မြို့နေ ဦးရှင်ဟင်း–(ဒေါ်ရင်ဌေး)၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဦးကျင်စိန်–ဒေါ်ကျင်စု၊ ဦးဟန်စိန်–ဒေါ်ယဉ်ကြည်တို့၏ ဖခင်၊ (ဒေါ်ကျင်ရွှေ)၏ခင်ပွန်း၊မြေး၁၃ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၁၄–၈–၂၀၀၄ (စနေနေ့) နံနက် ၇နာရီတွင် မရမ်းကုန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ သံဃာ့တက္ကသိုလ် (၃)လမ်း၊ ခြံအမှတ်(၆) နေအိမ်တွင် ကွယ်လွန်သွားပါ၍ ၁၆–၈–၂၀၀၄(တနင်္လာနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါ မည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးမြင့်ဟန်(ခ)ဦးဘိုနက်

### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးဖိုးလမ်း၊ အမှတ်(၂၀)၊ ဒုထပ်(ယာ)နေ ဒေါ်တင်ရီ၏ခင်ပွန်း၊ ဦးဝင်းမြင့်–ဒေါ်ညွန့်ညွန့်၊ ဒေါ်ရီရီမြင့်၊ ဒေါ်စိုးစိုးမြင့်၊ ဒေါ်ဘောဘီမြင့်၊ ဦးဇော်ဇော်မြင့်–ဒေါ်သန်းသန်းနုတို့၏မွေးသဖခင်၊ မောင်နီဇာဝင်း၊ မမိုဇာဝင်း၊ မရွှန်းလက်ဇော်၊ မဝင်းလက်ဇော်၊ မမိုးစက်ဇော်တို့၏ အဘိုးသည် ၁၃–၈–၂၀၀၄ရက်တွင် ညောင်ရွှေမြို့နေအိမ်၌ ကွယ်လွန်ပါ၍ ၁၄–၈–၂၀၀၄ရက်တွင် ညောင်ရွှေမြို့သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု။

## ဒေါက်တာအောင်ချို

**(B.V.S)**

### အသက်(၄၃)နှစ်

**ဒု–ဦးစီးမှူး**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**(မြင်းခြံ)**

မြင်းခြံမြို့နေ ဦးဖေရှိန်–ဒေါ်နွဲ့ရီတို့၏ သားကြီး၊ ဦးအောင်လှ–(ဒေါ်သန်းရီ) တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မွေး/ကုဦးစီးရုံးချုပ်ဝင်းနေ ဒေါ်တင်အေးဝင်း(အမက–၅၊ အင်းစိန်)၏ခင်ပွန်း၊ မောင်ဟိန်းထက်(ဆဋ္ဌမတန်း၊ အထက–၂၊အင်းစိန်)၊ နန်းအိအိလှိုင်တို့၏ ဖခင်၊ ဦးအောင်ကို–ဒေါ်သန်းသန်းလွင်၊ ဒေါ်နီနီရှိန်၊ ဦးငြိမ်းဖေ–ဒေါ်စန်းထွေး၊ ဦးမောင်မောင်ဝင်း–ဒေါ်သီသီရှိန်၊ ဗိုလ်ကြီးညီညီရှိန်–ဒေါ်နီလာထွန်းတို့၏အစ်ကိုကြီးသည် ၁၃–၈–၂၀၀၄(သောကြာနေ့) နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅–၈–၂၀၀၄(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မွေး/ကုဦးစီးနေအိမ်မှကားများ မွန်းလွဲ ၂နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## လင်ဟတ်ကူ(ခ) ဦးဂျားရာ

### အသက်(၉၇)နှစ်

မြိတ်မြို့၊အလယ်ကျွန်းရပ်နေ (ဦးလင်ကား)၏ သား၊ (ဒေါ်စူးဝါ)၊ ဒေါ်နု၏ ခင်ပွန်း၊ (ဦးလျှံဟွပ်)–ဒေါ်ကြီးဝါ၊ ဦးစိုးလင်း–ဒေါ်ချစ်သန်း၊ ဦးအောင်လင်း–ဒေါ်ယုခင်၊ ဦးဘင်စိုက်–ဒေါ်ကျူဆွန်၊ ဦးစိုးအောင်–ဒေါ်အင်တို့၏ မွေးသဖခင်၊ မြေး ၂၀ယောက်၊ မြစ်၂၆ယောက်တို့၏ အဘိုးသည် ၁၂–၈–၂၀၀၄ ရက် ညနေ ၅ နာရီခွဲတွင် ကွယ်လွန်သွားပါ၍ ၁၆–၈–၂၀၀၄ ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် ကလွင် သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

## ဦးပင်းဘာဘူ(ခ)ဦးပင်း

### အသက်(၉၆)နှစ်

**(မော်လမြိုင်)**

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ သုတလမ်း၊ရှမ်းစုရပ်၊အမှတ်(၉/ဒီ)နေ(ဒေါ်ဘာလာဒေဝီ)၏ခင်ပွန်း၊ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ၁၀မိုင်ကုန်းနေ ဆရာဦးအောင်စိုး(B.Sc)–ဒေါ်နီလာဒေဝီတို့၏ ဖခင်၊ မောင်ကြည်နူး (ပထမနှစ်၊ ရူပဗေဒ၊ အနောက်ပိုင်းတက္ကသိုလ်)၏ အဘိုးသည် ၁၄–၈–၂၀၀၄ရက်တွင် မော်လမြိုင် နေအိမ်၌ ကွယ်လွန်ပါ၍ ၁၅–၈–၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ၂ နာရီတွင်ဟိန္ဒူထုံးတမ်းစဉ်လာအရ မော်လမြိုင်ဟိန္ဒူ သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

## ဦးခင်မောင်ဝင်း(ခ)တန်စိန်လှိုင်

### (ခ)တန်လှိုင်စိန်

### အသက်(၇၀)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၆၈၁)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်းနေ ဒေါ်ခင်အေးမြင့်(ခ)လင်ပိုးချွန်း၏ခင်ပွန်း၊ ကိုထွေးလွင်(ခ)ကိုလင်းလင်း–မအေးအေးမြင့်၊ ကိုသန်းထွန်း–မမြင့်မြင့်၊ မအေးအေးလှိုင်တို့၏ ဖခင်၊မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၄–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၆–၈–၂၀၀၄ (တနင်္လာနေ့)နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက်၉း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးစိုးဝင်း(၆၆)နှစ်

**မြို့နယ်မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီ**

ပျဉ်းမနားမြို့၊ ပေါင်းလောင်းရပ်၊ (၁၀)လမ်းနေ ဒေါ်ခင်ခင်အေး၏ ခင်ပွန်း၊ မသူဇာဝင်း၊ ကိုသူရ–မခင်ခင်နွယ်၊ ကိုညီညီနိုင်၊ ကိုစိုးနိုင်–မစန္ဒာဝင်း၊ မကေသီဝင်းတို့၏ဖခင်၊ မောင်ကျော်စွာပြည့်–မသင်းသင်းဆွေ၊ မောင်သော်တာရှိန်၊မောင်ဝေယံဖြိုးဟိန်း၊မောင်အာကာဖြိုးဟိန်း၊ မောင်သူရိန်ထွန်းတို့၏အဘိုးသည်၁၇–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၉–၇–၂၀၀၄ (တနင်္လာနေ့)တွင် ပျဉ်းမနား–ပေါင်းလောင်း သုသာန်တွင် မီးသင်္ဂြိုဟ်ပြီးစီးကြောင်း။ ကျန်ရစ်သူမိသားစု။

## ဦးစံတင်(၈၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂၉/က)၊ အနီဃာလမ်းနေ ဒေါ်ခင်သန်း၏ ခင်ပွန်း၊ (ဦးသောင်းညွန့်)–ဒေါ်မြမြစိုး၊ ဦးသန်းထွေး–ဒေါ်မြမြစီ၊ ဦးမြင့်စိန်–ဒေါ်ညိုညိုစီ၊ ဦးစိုးဝင်း–ဒေါ်ရီရီသက်၊ ဦးခင်မောင်–ဒေါ်မြမြသောင်းတို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၄–၈–၂၀၀၄(စနေနေ့) မွန်းလွဲ၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆–၈–၂၀၀၄ (တနင်္လာနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၁း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## စောတိမ်ကြိုင်(ခ)ဦးတင်ကြိုင်

### အသက်(၈၂)နှစ်

**(မော်လမြိုင်)**

မုဒုံမြို့နေ စောထျုန်ဆွေ–စန်ချကီးတို့၏ သားငယ်၊ တယ်ဘင်ငါး–ဒေါ်ဖြူတို့၏ သားသမက်၊ စောဟုတ်ကြိုင်၏ညီ၊ မော်လမြိုင်မြို့ ဈေးကြိုဆန်တန်းရပ်ကွက်၊ မဟာသီရိလမ်း၊ ခြံအမှတ်(၃၅)နေ ဒေါ်ကျင်မွေး၏ ချစ်လှစွာသောခင်ပွန်း၊ မခင်စောမွေး၊ ကိုမောင်မောင်ဦး–မလွင်လွင်ကြိုင်၊ကိုတင်အေးကို၊ မစန်းစန်း မော်၊ မစန်းစန်းနွယ်၊ ကိုကျော်ကျော်တို့၏ ဖခင်သည် ၁၉–၇–၂၀၀၄ (တနင်္လာနေ့) နံနက် ၁၀း၅၅နာရီတွင် ကွယ်လွန်၍ ၂၁–၇–၂၀၀၄ ရက်တွင် မုရောင်းသုသာန်၌ မြေမြှုပ်သင်္ဂြိုဟ် ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ဦးဖေအောင်(၈၁)နှစ်

**ဒု–ညွှန်မှူး(ငြိမ်း)**
**နိုင်ငံခြားရေးဝန်ကြီးဌာန**
**အပူဇော်ခံ ရာသက်ပန်**
**နာယက(သာယာဝတီအသင်း)**

သာယာဝတီမြို့(စက်ရှင်တရားသူကြီး ဦးအိ–ဒေါ်ဒေါ်ပု)တို့၏ သား၊ အုတ်ဖိုမြို့ (ဦးမောင်ကြီး–ဒေါ်ချစ်ယုံ)တို့၏ သားသမက်၊ ရန်ကုန်မြို့ အမှတ်(၄၁) ကျွန်းတောကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်နေ(ဒေါ်တင်အေး)၏ ကျေးဇူးရှင်ခင်ပွန်း၊ ဒေါ်ခင်ဝင်းမြင့်–ဦးမြင့်ဟန်၊ ဒေါ်သန်းသန်းနွယ် (ပြည်တွင်းအခွန်၊ လှိုင်မြို့နယ်)၊ ဒေါ်ထူးထူးအောင်၊ ဒေါ်သီတာအောင်(ဒဂုံမြို့သစ်အရှေ့ပိုင်း၊ အုပ်ချုပ်ရေးမှူးရုံး၊ စည်ပင်သာယာ)–ဦးသန်းထွန်းအောင်၊ ဦးမျိုးသက်အောင်–ဒေါ်မြင့်မြင့်ကြည် (Amtra-Travel) တို့၏ ကျေးဇူးရှင်ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့ ကျေးဇူးရှင် ဘိုးဘိုးကြီးသည် ၁၄–၈–၂၀၀၄(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၅ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူ ကျေးဇူးရှင် ဖခင်ကြီးအား ရည်စူး၍ ၂၀–၈–၂၀၀၄ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ အမှတ်–၄၁၊ ကျွန်းတောကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်နေအိမ်သို့ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

## ဦးညွန့်လှိုင်

### အသက်(၄၈)နှစ်

**သန်လျင်မြို့နယ်ပြည်ထောင်စု**
**ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း**

ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စုနေ (ဦးလှမောင်)–ဒေါ်တင်အေးတို့၏ သား၊ (ဦးပြုံး)–ဒေါ်သန်းကြည်တို့၏ သားသမက်၊ ဒေါ်တင်မာ(ခ)ဒေါ်သေး၏ ခင်ပွန်း၊ မောင်ဇညားလှိုင်၊ မောင်ဗိုလ်ဗိုလ်လှိုင်တို့၏ဖခင်၊ သန်လျင်မြို့ နယ် ဘုရားကုန်းကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးညွန့်လှိုင်သည် ၁၃–၈–၂၀၀၄ (သောကြာနေ့)ည၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့်၁၅–၈–၂၀၀၄(တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် သန်လျင်မြို့ ပျဉ်ထောင်ချောင်းသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

## ကိုကျော်ဆောင်ဦး

### အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြဝတီရိပ်သာ၊ တိုက်(၄၉)၊ အခန်း(၁၁)နေ ဦးသန်းဆောင် (RO ပင်လယ်ကမ်းဝေး လုပ်ငန်းရှင်များအသင်း၊အလုံ) – ဒေါ်စပယ်တို့၏ သားကြီး၊ ဗိုလ်ကြီးနေအောင်–ဒေါ်ဆောင်းစပယ်၊ ကိုအောင်မျိုးဆောင်–နော်ဝါးဝါးဖောတို့၏ အစ်ကိုကြီးသည် ၁၃–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅–၈–၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

### ဘဒ္ဒန္တ လက္ခဏ(အင်္ဂပူ၊ ကံရွာ)

### သိက္ခာတော်(၆၇)ဝါ၊သက်တော်(၈၇)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း(ရှမ်းလမ်း)၊ သီရိမင်္ဂလာရန်အောင်ကျောင်း၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တလက္ခဏသည် (၁၃၆၆ခုနှစ်၊ဒုတိယဝါဆိုလပြည့်ကျော်၁၁ရက်)၊ ၁၁–၈–၂၀၀၄(ဗုဒ္ဓဟူးနေ့) ည ၁၁း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီးဖြစ်ပါ၍ (၁၃၆၆ခုနှစ် ဝါခေါင်လဆန်း၂ရက်)၊၁၇–၈–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာဒါယိကာမအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါကျောင်းတိုက်မှကားများ မွန်းလွဲ၁နာရီတွင်ထွက်ပါမည်။) ဈာပနကော်မတီ။

## ဒေါ်ခင်ထွေး

### အသက်(၈၃)နှစ်

**(ဘုရားကြီးကုန်း၊ချောင်းဆုံမြို့)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ အမှတ်(၄၂)၊ ၁၂၄လမ်း၊ တတိယထပ်နေ(ဦးဘချစ်–ဒေါ်ကွန်မေ)တို့၏သမီး၊ (ဦးသစ်စိန်) (ကျွန်းမာရေးမှူး–ငြိမ်း)၏ဇနီး၊ ဦးတိလောက(ဦးတင်အောင်မြင့်)–ဒေါ်စိန်ရင်၊ ဦးငွေခြည်–(ဒေါ်ဖြူဖြူ ဝင်း)၊ Dr.ခင်မောင်ညို–ဒေါ်ရင်ရင်တင်အုံး၊ ဦးလှဝင်း–ဒေါ်ခင်လေးဝါ၊ ဦးစိမ်းနွယ်–ဒေါ်မေဥမ္မာ၊ ဦးလှဝင်း–ဒေါ်ခင်မိုးပြာတို့၏မိခင်၊ မြေး၁၆ယောက်တို့၏အဘွား၊မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၁၄–၈–၂၀၀၄ (စနေနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၆–၈–၂၀၀၄ရက်တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(သင်္ဂြိုဟ်မည့်နေ့၊အချိန်နှင့်နေရာကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးစောလှိုင်(၇၂)နှစ်

**လ/ထညွှန်မှူး(ငြိမ်း)**
**(အစိုးရအဖွဲ့ရုံး)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ်(၃၄)နေ (ဦးအိဗျန်–ဒေါ်လှခင်)တို့၏သား၊ ဒေါ်စိန်ရီ၏ခင်ပွန်း၊ ဦးသက်မိုး(မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်)–ဒေါ်ခင်အုံးဝေ(ဆသရ)၊ ဒေါ်ခင်ခင်ဌေး–ဦးဇော်ဝင်းသန်း၊ ဦးတိုးလှိုင်၊ ဒေါ်ခင်ခင်လေး(လဝက)–ဦးခင်မောင်ဌေးတို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်၏အဘိုး၊ ဦးမောင်အေး–ဒေါ်ခင်မိတို့၏ အစ်ကို ဦးစောလှိုင်သည် ၁၃–၈–၂၀၀၄(သောကြာနေ့)မွန်းလွဲ၁း၅၅နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၅–၈–၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက်၁၁း၄၅နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးပိုင်(၇၂)နှစ်

**စာရင်းကိုင်(စည်ပင်)(အငြိမ်းစား)**
**(ရန်ကုန်)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ၅၁လမ်း၊အမှတ်(၈၇)၊ မြေညီထပ်နေ (ဦးဘာဘာ–ဒေါ်လှဦး)တို့၏သား၊ (ဦးစုစိန်)–ဒေါ်မမငွေ၊ ဦးအောင်လှိုင်–ဒေါ်လှရီတို့၏ညီ/မောင်၊ (ဦးကြိုင်)–ဒေါ်ရှုရန်၊ (ဒေါ်ရှုလွမ်)တို့၏မောင်၊ (ဒေါ်ပု)၊ ဒေါ်ကြူတို့၏အစ်ကို၊ တူ၊တူမ၁၂ယောက်၏ဦးလေး၊ မြေးရှစ်ယောက်၏အဘိုးလေးဦးပိုင်သည် ၁၃–၈–၂၀၀၄(သောကြာနေ့) နံနက်၁၁း၄၅နာရီတွင် လသာမြို့နယ်၊ ၅ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၃၈၈)၌ ကွယ်လွန်သွားပါ၍ ၁၅–၈–၂၀၀၄(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ်–၃၈၈၊ကမ်းနားလမ်း၊၅ရပ်ကွက်၊ လသာမြို့နယ်နေအိမ်မှကားများနံနက် ၉ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

**ရဟန်းအမကြီး**

## ဒေါ်ကြည် (၇၇)နှစ်

**(တိုက်ကြီး)**

ရန်ကုန်တိုင်း၊ အင်းစိန်မြို့၊ အောင်ဇေယျအိမ်ရာ၊တိုက်(၁၉) အခန်း(၁၀၄)နေ (ဦးတပ်–ဒေါ်အေးစိန်)တို့၏ သမီး၊ (ဦးတင်အေး၊ သစ်တောရုံးအုပ်၊ ငြိမ်း၊လှည်းကူး)၏ ဇနီး၊ ဘောက်ထော်၊ အောင်သုခလမ်းနေ ဒေါ်နီ၏ အစ်မ၊ ဦးတင်အောင် (ဒု/ညွှန်မှူး ငြိမ်း၊ ကြေး/မြေရုံးချုပ်)–ဒေါ်တင်တင်အေး၊ ဒေါ်တင်တင်ဝင်း၊ ဦးဝင်းမြင့် (မြို့နယ်အခွန်ဦးစီးမှူး ပန်းဘဲတန်းမြို့နယ်)–ဒေါ်သီသီအေး၊ ဦးမြင့်ကျော်–ဒေါ်တင်တင်ဌေး၊ ဦးကျော်ဝင်း–ဒေါ်ခင်မာဝေ၊ ဦးတင်ဝင်း–ဒေါ်ခင်ခင်ယုတို့၏ မိခင်၊ မြေး ၁၇ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၄–၈–၂၀၀၄ ရက်တွင် သီရိစန္ဒာဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၆–၈–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်စိန်သန်း(ခ)ဒေါ်ဦးဇွန်း

### အသက်(၇၄)နှစ်

**(ဆကာကြီး)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ကြံခင်းလမ်း၊ အမှတ်(၂၃)နေ (ဦးအောင်သိန်း)၏ဇနီး၊ ဦးသန်းဦး၊ ဒေါ်သန်းသန်းထွေး၊ ဦးသန်းညိမ်း–ဒေါ်ရီရီမြင့်၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်ခင်သန်းမြင့်၊ ဦးနိုင်ဝင်း–ဒေါ်နှင်းနုခိုင်၊ ဦးသူရတို့၏ မွေးသမိခင်၊ မြေးတစ်ယောက်၏ အဘွားသည် ၁၄–၈–၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၁၆–၈–၂၀၀၄ (တနင်္လာနေ့) မွန်းတည့်၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများနံနက်၁၀း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးထွန်းအောင်(ခ)

## လင်ကျင်ဖတ် (၇၃)နှစ်

**ရွှေလဝင်းကဖီး**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၁၈၃)နေ(ဦးစုကြာ–ကြောင်ပောမွှေ)တို့၏ သား၊ ဒေါ်တင်လှ(ခ)ပောင်ရှုမွမ်၏ခင်ပွန်း၊ ကိုတင်ထွန်း–မစန်းစန်းဝေ၊ မမြကျင်၊ မောင်ငွေထွန်း၊ မောင်လှုအေး–မသီသီခိုင်၊ ကိုဝင်းသိန်း–မမြင့်မြင့်စန်း၊ မရွှေတင်၊ မယဉ်ယဉ်ဌေး၊ မဌေးဌေးဝင်းတို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၁၂–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၆–၈–၂၀၀၄(တနင်္လာနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်စင်သီယာမြသင်း(ခ)

## ဒေါ်ခင်သန်းညွန့် (မီးမီး)

### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ ဦးမြသင်း–ဒေါ်မြသွင်တို့၏သမီး၊ မြိုင်ဟေဝန်အိမ်ရာနေ ဦးကျော်စိန်–(ဒေါ်ကျင်ဥ)တို့၏သမီးချွေးမ၊ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ်၊သုဝဏ္ဏ(၂၅)ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ တိုက်(N-3/3)နေ ဦးလှအောင်(ကစလ–ငြိမ်း၊ ITC.၊ဝင်းမိတ္တူ)၏ ဇနီး၊ (ဦးစိုးမြင့်သင်း)၊ ဒေါ်ခင်စောမူ(လ–၂၊ ရန်ကင်း)တို့၏ညီမ၊ မမေလင်းအောင်(ဒုနှစ်၊ သမိုင်း၊ဒဂုံတက္ကသိုလ်) မောင်ထွန်းလင်းအောင်(1-BT EC.) မကြည်လင်းအောင် (1-BT IT, သန်လျင် GTC)၊ မနွေးလင်းအောင်(IX-B,ထ–၂၊ဒဂုံ)တို့၏ မိခင်သည် ရွှေဂုံတိုင်အထူးကု ဆေးခန်း၌ ၁၃–၈–၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၁၅–၈–၂၀၀၄(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလ လမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၈၉၅၂၇၊ ပုံနှိပ် ၂၈၃၀၁။ R/184**

## စက်ခလုတ်နှိပ်ဖွင့်လှစ်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၁၃ ရက်က မကွေးမြို့ ပညာအလင်းခေတ်မီစာကြည့်တိုက် (e-Library) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

## ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည် လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

## နိုင်ငံတော်ဝန်ကြီးချုပ်၏ မကွေးတိုင်း ခရီးစဉ်အတွင်း မှာကြားချက်များ

☆ မြို့နယ် တာဝန်ရှိသူများအနေဖြင့် အဓိကအားဖြင့် ကျေးလက်ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ပီပီပြင်ပြင် အကောင်အထည်ဖော်၊

☆ နိုင်ငံတော်အစိုးရဌာနဆိုင်ရာများသည် ကျေးလက်ဒေသများအပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေး၊ ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် တာဝန်ရှိ၊

☆ ဌာနဆိုင်ရာများအားလုံးက သူ့တာကိုယ့်တာမခွဲ ခြားဘဲ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်း ဆောင်ရွက်မှု၊ စုပေါင်းတာဝန်ယူမှုတို့ဖြင့် ညှိနှိုင်းပေါင်းစပ်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်၊

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်ထံ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၁၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်တွင် ငလျင်ဒဏ်ကြောင့် လည်းကောင်း၊ အရှေ့ဘက်ကမ်းဒေသတွင် မုန်တိုင်း ကျရောက်မှုကြောင့်လည်းကောင်း အသက်အိုးအိမ် စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ–နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ဘော်လီဘောလက်ရည်စမ်းပွဲ မြန်မာအသင်းအနိုင်ရ အေအိုင်အေအသင်း စပေးဘောနှင့်ရိုက်ခုတ်မှုအားနည်း

သတင်းဆောင်းပါး–ညီညီစိုးညွန့်၊ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၁၄

မြန်မာ–ကနေဒါနှစ်နိုင်ငံချစ်ကြည်ရေး အစီအစဉ်အရ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းနှင့် ကနေဒါနိုင်ငံမှ အေအိုင်အေဘော်လီဘောအသင်းတို့၏ ချစ်ကြည်ရေး လက်ရည်စမ်းပွဲကို ယနေ့ညနေ ၃ နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)တွင် ကျင်းပရာ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်လက်ရွေးစင်အသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။

လက်ရည်စမ်းပွဲမစတင်မီ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌဦးထွန်းမြင့်နိုင်၊ အေအိုင်အေဘော်လီဘောအသင်းအဖွဲ့ခေါင်းဆောင် Mr. Dave Johns တို့က နှစ်ဖက်အသင်းမှ နည်းပြဆရာများနှင့် ကစားသမားများအား တစ်ဦးချင်း လိုက်လံနှုတ်ဆက်သည်။ ဆက်လက်၍ နှစ်ဖက်အသင်းမှ ကစားသမားများ အမှတ်တရ ရင်ထိုးတံဆိပ်နှင့် ပန်းစည်းများ လဲလှယ်ကြသည်။

ထို့နောက် ချစ်ကြည်ရေးလက်ရည်စမ်းပွဲ ယှဉ်ပြိုင်ကစားရာ မြန်မာနိုင်ငံဘော်လီ ဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းက **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ✧



## ပိတ်ဆို့ကာကွယ်

အဖွဲ့ချုပ် လက်ရွေးစင်အသင်းမှ ရဲမင်းအောင်၏ ရိုက်ခုတ်ချက်ကို အေအိုင်အေအသင်း ပိတ်ဆို့ကာကွယ်စဉ်။

ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

## မှတ်သားဖွယ်ရာမိုးရေချိန်များ

(၁၄–၈–၂၀၀၄)

| | |
|---|---|
| ကျောက်ဖြူ | – ၇ဒသမ ၄၈လက်မ |
| ဟသ်ာတ | – ၅ဒသမ ၇၁လက်မ |
| စစ်တွေ | – ၅ဒသမ ၃၅လက်မ |
| မောင်တော | – ၅ဒသမ ၀၄လက်မ |
| ပူတာအို | – ၄ဒသမ ၇၂လက်မ |
| ရေး | – ၃ဒသမ ၈၆လက်မ |
| မော်လမြိုင် | – ၃ဒသမ ၅၄လက်မ |
| အမ်း | – ၃ဒသမ ၃၅လက်မ |